# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၈၁)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တပ်မတော်စစ်ကြောင်းများက PDF အမည်ခံပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် စဉ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာ ဒေသတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် စဉ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာ ဒေသတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ယနေ့တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် မိုးကုတ်၊ မိုးမိတ်၊ သပိတ်ကျင်း၊ မတ္တရာ၊ စဉ့်ကူးဒေသတစ်ဝိုက်အား ၂၀၂၄ ခုနှစ်မှစ၍ ဝင်ရောက်တိုက်ခိုက်ကာ မြို့/ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအင်အားနည်းသော တပ်စခန်းငယ်များအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများအား ဝင်ရောက်မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက်သယံဇာတများ အဓမ္မနည်းဖြင့် ထုတ်ယူကိုယ်ကျိုးသုံးစွဲခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❑



တပ်မတော်စစ်ကြောင်းများက စဉ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ကြေညာချက်**
**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၉ )ရက်**

၂၀၂၆-ခုနှစ်၊ မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်-

**၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| နေ့ရက် | အချိန် | ဘာသာရပ် |
| --- | --- | --- |
| ၁ | ၂ | ၃ |
| ၁၁-၃-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၂-၃-၂၀၂၆ ကြာသပတေးနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၃-၃-၂၀၂၆ သောကြာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၄-၃-၂၀၂၆ စနေနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၁၆-၃-၂၀၂၆ တနင်္လာနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၁၇-၃-၂၀၂၆ အင်္ဂါနေ့ | နံနက် (၉) နာရီ မှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |


ယနေ့ *ဖတ်စရာ*

**မြန်မာလုပ်သားထုအနာဂတ်များ ထွန်းတောက်ဖို့ ဘဝတစ်သက်တာ လေ့ကျင့်သင်ကြားမှုများပြုလုပ်စို့**
ဆောင်းပါး | စာ - ၁၀

**အင်ဒိုနီးရှားနိုင်ငံက ရေဘေးသင့်ပြည်သူများအတွက် အမြဲတမ်းအိမ်ရာများ ဆောက်လုပ်ပေးမည်**
နိုင်ငံတကာသတင်း | စာ - ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းတွင် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU) ဆိုက်ကပ်ထားမှုနှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦး ဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁)၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံဆောင်ရွက်နေသော သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU)၊ သဘာဝဓာတ်ငွေ့ရည်အား ဓာတ်ငွေ့ ပြန်လည်ပြုလုပ်သောစက်ရုံ (Regasification Unit) နှင့် သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦးဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် သီလဝါဆိပ်ကမ်းရှိ သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် Everest Energy Solution Ltd. နှင့် CNTIC Vpower Group Holdings Ltd. တို့မှ တာဝန်ရှိသူများက သန်လျင် ၂၀၀ မဂ္ဂါဝပ်နှင့် သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) အား FSU တွင် သိုလှောင်ထားရှိမှုအခြေအနေ၊ LNG အား ဓာတ်ငွေ့သို့ ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှု အခြေအနေနှင့် ကနဦး ဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းလျာထားရက်များအလိုက် ဓာတ်




အားပေးစက်ရုံများမှ ဓာတ်အားပမာဏ ၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ LNG သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ်ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရေး၊ ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ်မောင်းနှင်နိုင်ရေးနှင့် စက်စွမ်းရည်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန်၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ လိုအပ်ချက်များရှိပါက အချိန်မီတင်ပြသွားရန် မှာကြားပြီး သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံမှ ကနဦး ဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ် ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သီလဝါဆိပ်ကမ်း MCV ဆိပ်ခံတံတား (Jetty) ပေါ်သို့ သွားရောက်၍ FSU ဆိုက်ကပ်ထားရှိမှုအခြေအနေ၊ FSU တွင် သိုလှောင်ထားသော LNG ဓာတ်ငွေ့ရည်အား ပိုက်လိုင်းများဖြင့် ဓာတ်ငွေ့ ပြန်လည်ပြုလုပ်သောစက်ရုံ (Regasification Unit) သို့ ပေးပို့နေမှုအခြေအနေနှင့် LNG အား သဘာဝဓာတ်ငွေ့ပြန်လည်ပြုလုပ်နေမှု ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

သာကေတနှင့် သန်လျင် LNG သုံး ဓာတ်အားပေးစက်ရုံများလည်ပတ်မောင်းနှင်နိုင်ရန်အတွက် LNG သိုလှောင်သင်္ဘော FSU သီလဝါဆိပ်ကမ်းသို့ ရောက်ရှိဆိုက်ကပ်ခြင်း၊ ပြည်ပမှ LNG တင်သွင်းလာသည့် ပထမဆုံး LNG သင်္ဘော FSU ဘေးတွင် ရောက်ရှိဆိုက်ကပ်၍ LNG ဖြည့်တင်းပေးခြင်း၊ သဘာဝဓာတ်ငွေ့အရည်အား ဓာတ်ငွေ့ပြန်လည်ပြုလုပ်သောစက်ရုံ (Regasification Unit) ကို စမ်းသပ်မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ပထမအဆင့်အနေဖြင့် ၄၀ မဂ္ဂါဝပ် စမ်းသပ်ထုတ်လုပ်သည်။ ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ဓာတ်အားပမာဏ ၁၅၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိပြီး အဆိုပါ စီမံကိန်းများမှ စုစုပေါင်းဓာတ်အားပမာဏ ၅၀၀ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်၍ ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင် မိခင်များအား အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်၊ ဆန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှု ကြည့်ရှုအားပေး



**စစ်တွေ ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များတွင် သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များအား အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူများအား ဆန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှု လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတက်လမ်းရပ်ကွက်ဓမ္မာရုံတွင် သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင် မိခင်များအား အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူများကို အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှု လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်များ ကုသိုလ်ပွားများနိုင်ရန်အတွက် စနစ်တကျဖြန့်ဝေပေးကြရန်မှာကြားကာ သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ဆန်နှင့်အခြေခံစားသောက်ကုန်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွာကြီးမြောက်ရပ်ကွက် ဓမ္မာရုံနှင့် လမ်းမတော်တောင်ရပ်ကွက်ဓမ္မာရုံတို့၌ သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြကာ ဆန်နှင့် အခြေခံစားသောက်ကုန်များကို ပေးအပ်ချီးမြှင့်၍ ပြည်သူများအား ဆန်နှင့် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သဘာဝမြေဩဇာ ရှက်ဖျန်းအားဆေးရည်ကို ပြည်တွင်း၌ထုတ်လုပ်နိုင်မှုကြောင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်

## ပြည်သူများ စားဝတ်နေရေးပိုမိုပြည့်စုံမြင့်မားလာစေရေး သမဝါယမအသင်းအဆင့်ဆင့် ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်



**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေး အထောက်အပံ့အဖြစ် ရုရှားနိုင်ငံ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက် Agriculture Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် ရုရှား - မြန်မာ သဘာဝရှက်ဖျန်းမြေဩဇာစက်ရုံ ပန္နက်တင်မင်္ဂလာနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာအုပ်စု အကွက်အမှတ်(၁၆၆၂)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ FUND RC–Investments မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor Mr. Andrei Lunak နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက်ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးကြသည်။**(အပေါ်ယာပုံ)**

**ကနဦးခြေလှမ်းဖြစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်အထောက်အကူပြုမည့် အရေးပါသည့်စီမံကိန်းတစ်ခု၏ ကနဦးခြေလှမ်းဖြစ်ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့စက်ခွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (FUND RC–Investments)၏ RUMA Organic ကုမ္ပဏီအနေဖြင့် ပျဉ်းမနားခရိုင်၊ နေပြည်တော်ကောင်စီနယ်မြေတွင် သဘာဝရှက်ဖျန်းမြေဩဇာများ တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ပါကြောင်း။

**အလေးထား ဆောင်ရွက်**

ဤစီမံကိန်းအပေါ် မိမိတို့ ယာယီသမ္မတက အထူးအလေးထားပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသရန် အခွင့်အရေးတစ်ရပ်ဖြစ်သည့်အတွက် စက်ရုံကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အမြန်ဆုံးဆောက်လုပ်နိုင်ရေး အထူးအလေးထား ဆောင်ရွက်စေလိုပါကြောင်း၊ သဘာဝမြေဩဇာရှက်ဖျန်းအားဆေးရည်ကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ကုန်ကျစရိတ်လျှော့နည်းစေမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချစေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် FUND RC–Investments မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Artemi Alimov က မြန်မာစိုက်ပျိုးရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Embassy Counsellor ဖြစ်သူ Mr. Andrei Lunak က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ RUMA Organic ကုမ္ပဏီနှင့် အောင်သန်းထိုက်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စက်ရုံတည်ဆောက်၍ သဘာဝရှက်ဖျန်းမြေဩဇာများ ထုတ်လုပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရုံးအမှတ်(၁၆)တွင် ကျင်းပသည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ သမဝါယမကောလိပ် (ဖောင်ကြီး) နှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ အကောင်းဆုံး စံပြဆုရရှိကြသော သင်တန်းဆင်းကျောင်းသူလေးများ၏ “မင်္ဂလာရှိသောနေ့သစ်ဆီသို့” တေးသီချင်း၊ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)မှ ကျောင်းသူလေးများ၏ “မင်္ဂလာပါ” တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများကိုလည်းကောင်း၊ မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁) နှစ်မြောက် အထိမ်းအမှတ်ဂုဏ်ပြု Video Clip ကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်ပါကြောင်း၊ သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာထုတ်ကုန်များကို ဈေးကွက်သို့ ချိတ်ဆက်ပေးနိုင်ရေး၊ ပြည်သူများ၏ စားဝတ်နေရေး ပိုမိုပြည့်စုံမြင့်မားလာစေရေးအတွက် သမဝါယမအသင်းအဆင့်ဆင့်တို့နှင့် အတူတူ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး “သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူက သမဝါယမအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တာဝန်အဆက်ဆက်ထမ်းဆောင်ခဲ့သော ဂုဏ်ပြုခံ အငြိမ်းစားပုဂ္ဂိုလ်များကိုယ်စား (အငြိမ်းစား) ဒုတိယဝန်ကြီး ဦးမြင့်စိုးကို အမှတ်တရလက်ဆောင် ပေးအပ်သည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးစီးဌာနအတွင်း ဂုဏ်ထူးဆောင်ဆုရရှိကြသူများ၊ စွမ်းဆောင်ရည်ဆုရရှိကြသော ဝန်ထမ်းများနှင့်သမဝါယမအသင်းများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဆုရရှိကြသူများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ အကောင်းဆုံးဆု ရရှိကြသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိခဲ့ကြသည့် ဝန်ထမ်းသားသမီးများ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အထူးဆုကံစမ်းမဲပေါက်ကြသော ဝန်ထမ်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်) မှ ကျောင်းသူလေးများက “သာစွဌာနရာမညမြေ” တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲ ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည့် တပ်ကုန်းမြို့နယ် MSME လုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ထုတ်ကုန်ပြပွဲ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဇေယျာသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ယခု တပ်ကုန်းမြို့နယ်များတွင် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ လွယ်လင့်တကူဝယ်ယူရရှိနိုင်ရေး ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့်မြို့နယ်များတွင်လည်း MSME ပြပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ဒုတိယအပတ်အပြီး ဆက်လက်ခင်းကျင်းပြသရောင်းချနိုင်ရေး လျာထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်နှင့်ကိုက်ညီသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးကို အစီအမံများ ထားရှိအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။




ယင်းနောက် နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် နေပြည်တော် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ထုတ်ကုန်ပြပွဲ ပြိုင်ပွဲအတွင်း ခင်းကျင်းပြသထားသည့် ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

တပ်ကုန်းမြို့နယ် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲတွင် ပြိုင်ပွဲပစ္စည်း ၁၁ မျိုး၊ ပြပွဲပစ္စည်း ၄၅ မျိုးတို့ဖြင့် ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ပြသရောင်းချသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် နောင်သန်ဲ အခြေခံပညာအလယ်တန်းကျောင်း အားကစားကွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**ထွန်းလင်း(ဇေယျာမြေ)**



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သွင်းကုန်၊ ပို့ကုန်နှင့် ခရီးသည်ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရုံးချုပ်ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အကောက်ခွန်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် (National Single Window) အကောင်အထည် ဖော်နိုင်ရန်အတွက် ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကုန်ပစ္စည်း ရှင်းလင်းထုတ်ယူခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် အရေးပါသော လုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံတော်ပြတင်းတစ်ပေါက် စနစ်ကို ပြီးမြောက်အောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် အာဆီယံဒေသအတွင်း ကုန်စည်ဆောင်ရွက်မှုများတွင် ချိတ်ဆက်ရမည့် ခေတ်မီကုန်စည်ရှင်းလင်းရေး စနစ်ဖြစ်၍ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ လိုအပ်ချက်ဖြစ်ပြီး မိမိတို့အကောက်ခွန်ဌာန၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပါဝင်သည့်အတွက် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ပို့ကုန်၊ သွင်းကုန်များ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရေး အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ တရားမဝင်ကုန်စည်များ တင်သွင်းမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနတွင်းလုပ်ငန်းခွင်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအား အရည်အသွေးလုပ်ဆောင်မှု စွမ်းရည်မြင့်မားစေရေး ကာလတို ကာလရှည်သင်တန်းများဆောင်ရွက်ပြီး တိုးတက်လာစေရန် ဆောင်ရွက်ကြစေလိုကြောင်း၊ လူ့စွမ်းအား၊ နည်းပညာနှင့် စက်ကိရိယာများကိုလည်း ပြည့်စုံစွာ စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်သွင်းကုန် (Air Cargo Terminal)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်၊ ပို့ကုန်နှင့် ခရီးသည်များ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Yangon Aerodrome Co.,Ltd. (YACL) နှင့် Sky Cargo Terminal (SCT) မှ တာဝန်ရှိသူများက လေဆိပ်၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် Yangon Aerodrome Co.,Ltd.(YACL) နှင့် လေဆိပ် (OSS) Sky Cargo Terminal တို့၏ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၉**

ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ကရင်အမျိုးသားများနှင့် တိုင်းရင်းသားပြည်သူများသည် သီရိကွင်း ဒုံးစင်မြင့်ရှေ့၌နေရာယူကြပြီး ကရင်လူငယ်များက ကရင်အမျိုးသားအလံကို သယ်ဆောင်၍ ကရင်ရိုးရာကျွဲချိုမှုတ် ဖားစည်တီးကာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ကရင်အမျိုးသားအလံကို လွှင့်ထူပေးရာ ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြပြီး အလေးပြုကြကာ တွဲဖက်အခမ်းအနားမှူးက ကရင်အမျိုးသားအလံ သမိုင်းကြောင်းကို ဖတ်ကြားသည်။

နံနက် ၇ နာရီတွင် ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကျင်းပရာ သဘာပတိ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် သဘာပတိအဖွဲ့ဝင်များက စင်မြင့်ထက်တွင် နေရာယူကြပြီး ကရင်ရိုးရာကျွဲချိုမှုတ်၍ ဖားစည်တီးကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ကရင်အမျိုးသားများနှင့် တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို သဘာပတိက ဖတ်ကြားကာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြား၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှစ်သစ်ကူးဆုတောင်းစကားပြောကြားသည်။



ဆက်လက်၍ ကရင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ လူငယ်မောင်မယ်များက မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ဖတ်ကြားကြပြီး တွဲဖက်အခမ်းအနားမှူးက ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံ အထင်ကရသက်ကြီး ကရင်အဘိုး၊ အဘွားများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားတင်ပြကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် **(အပေါ်ပုံ)**၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုခံ အထင်ကရသက်ကြီး ကရင်အဘိုး၊ အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော အောဟုအောဟောင် ကရင်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ ရိုးရာကောက်သစ်စားပွဲတော်ကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကောက်သစ်စားပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ငြိမ်းချမ်းရေးချိုးငှက်များ လွှတ်ပေးကြသည်။

ယင်းနောက် ကရင်အဘိုး၊ အဘွားများနှင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဖီးဗူးယော် (ခေါ်) စပါးစောင့်နတ်သမီးကို ဖိတ်ခေါ်ပင့်ဆောင်၍ အခမ်းအနားမှူးက ကောက်သစ်စားပွဲအကြောင်း ရှင်းလင်းတင်ပြပြီး ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဖီးဗူးယော်ဆုတောင်း တေးသီချင်းများ စုပေါင်းသီဆိုကြကာ ကရင်လူမျိုးတို့၏ ရှေးခေတ်ထုံးတမ်းစဉ်လာများအတိုင်း ကောက်သစ်စားပွဲကို ဆင်ယင်ကျင်းပသည်။

ကောက်သစ်စားပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှု ပြခန်း၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ ဒေသတွင်း MSMEs အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပြခန်းများနှင့် ဒေသထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့မှ ပြည်သူများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်





**ကျောက်မဲ ဒီဇင်ဘာ ၁၉**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများအား ဖျော်ဖြေတင်ဆက်ရန်အတွက် ယနေ့ နံနက်ပိုင်းက နေပြည်တော်မှ ထွက်ခွာရာ ညနေပိုင်းတွင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ကျောက်မဲမြို့နယ် ပြည်သူများနှင့် ဝန်ထမ်းများက ကျောက်မဲမြို့အဝင်မုခ်ဦး၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တွေ့ဆုံပွဲကိုကျင်းပရာ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” Video Clip ကို ဦးစွာ ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။(**အပေါ်ယာပုံ**) ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောက်မဲမြို့အတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/တေးသံရှင် ဟန်ထူးစျာန်၊ စျာစျာန်ဟန်သာ၊ သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္ဇလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာ တို့က သီဆိုဖျော်ဖြေကြပြီး ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်ကြကာ ပျော်ရွှင်စွာ အားပေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) ရှိ IoT Lab ခန်း၊ Pneumatics & Electro–Pneumatics Lab ခန်း၊ Factory Automation Lab ခန်း၊ Applied Machine Learning Lab ခန်း၊ CNC Lab ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်မှုနည်းပညာသင်တန်းများ၏ သင်တန်းခန်းများ၊ သင်ရိုးညွှန်းတမ်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားသင်တန်းသူများကိုရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ယင်းနောက် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ MRF မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ ကျောင်းအုပ်ကြီးက စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း(SITE)၏ ကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက Industry demand နှင့် ကိုက်ညီသည့် ကာလတိုသင်တန်းများဖွင့်လှစ်နိုင်ရေး၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်နည်းပညာသစ်များအား ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ Master plan ချမှတ်၍ ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများနေထိုင်ရေးအခက်အခဲမရှိရအောင် လျာထားဆောင်ရွက်နိုင်ရေး တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပို့ကုန်သွင်းကုန်ဆိုင်ရာ ဓာတုပစ္စည်း ကုန်ကြမ်းကုန်ချောများ တိုင်းတာစစ်ဆေးခြင်းကို ဝန်ဆောင်မှုပေးနေသည့် အမျိုးသားဓာတ်ခွဲခန်း (National Analytical Laboratory)၏ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိအောင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဓာတ်ခွဲတိုင်းတာမှု ဝန်ဆောင်မှုများပေးနေသည့် (Arc Spark OES Laboratory) ဓာတ်ခွဲခန်း၊ အစားအစာတီထွင်ဆန်းသစ်မှုစင်တာ (Food Innovation Center)၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး ဓာတ်ခွဲခန်းစင်တာ (Food Safety Analysis Center)၊ တိကျစွာတိုင်းတာခြင်းသိပ္ပံရှိ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိသည့် ဓာတ်ခွဲခန်းများ၏ ဓာတ်ခွဲတိုင်းတာမှု ဝန်ဆောင်မှုများနှင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေစီမံကိန်း(၂၀၂၂)ဖြင့် တည်ထောင်ထားသော နေရောင်ခြည်စွမ်းအင်ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဌာနမှူးများနှင့် ဆရာဆရာမများအား တွေ့ဆုံပြီး ထိရောက်အကျိုးရှိသော သင်ကြားသင်ယူမှုများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးမှာကြားကာ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်က ကျောင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တီထွင်ဖန်တီးမှုများနှင့် သုတေသနလုပ်ဆောင်မှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျကျ အကျိုးပြုနိုင်ရေး ဦးတည်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စဥ့်ကူဆောင်နှင့် သဇင်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်နည်းပညာတက္ကသိုလ်၌ စာသင်ခန်းများအလိုက် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး တင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ ဘောလုံးကွင်းနှင့် အားကစားခန်းမတို့၌ အားကစားဆောင်ရွက်နေကြသော ကျောင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **သတင်းစဉ်**

## သက်တံရောင်အလှ

❖ ညီမျှအစု၊ မတည်ပြုလျက်
တစ်ခုကုန်ထုတ်၊ တစ်လုပ်ဝယ်ရောင်း
တစ်ကြောင်းဝန်ဆောင်၊
စည်းနှောင်ပေါင်းစု
ညီညာပြုသည့်၊
လူမှုစီးပွားအသင်းတည်း။

❖ ကျား၊မ မဟူ၊ လူမျိုးဘာသာ
ချမ်းသာဆင်းရဲ၊ ဘယ်လိုကွဲလည်း
မခွဲမခြား၊ တစ်သားတည်းပင်
ထက်ကောင်းကင်၌၊ တွေ့မြင်ရောင်စုံ
သက်တံပုံတည်း။

❖ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်တိုင်ကျိုး၍
သယ်ပိုးဖွယ်ရာ၊ များဝန်တာကို
သူငါအမျှ၊ ထမ်းရွက်ကြ၏
ဉာဏလုပ်အား၊ ကာယအားတို့
စွမ်းအားရှိသမျှ၊ ထုတ်သုံးကြ၍
မချအောင်ပန်းဆွတ်သတည်း။

❖ ရာသည့်ဝင်ငွေ၊ မဖြုန်းပေဘူး
သုံးငွေ – ရင်းငွေ၊ စုဆောင်းငွေဟု
ခွဲဝေလျာထား၊ မှတ်သားစာရင်း
မှန်မှန်သွင်း၏၊ မယွင်းသဖြင့်
ချင့်ချိန်သုံးစွဲ၊ ကိုယ့်ငွေပဲမဟုတ်လား။

❖ အသင်းကိစ္စ၊ ဟူသမျှကို
ချမှတ်လမ်းစဉ်၊ ပြခါတွင်လည်း
တိုင်ပင်ဆွေးနွေး၊ ညှိနှိုင်းရေးတည့်
မဲပေးဆန္ဒ၊ ချမှတ်ကြမှ
ဓမ္မနှင့်ညီ၊ ရှင်ကြည်နှလုံး
များပျော်ပြုံးသည်၊
စည်းလုံးခြင်းသည် ခွန်အားတည်း။

❖ စာရင်းစစ်ကာ၊ ပြစ်မရှာတည့်
လုစ်ကာဖော်ထုတ်၊ သရုပ်မှားမှန်
ဝေဖန်ပိုင်းခြား၊ စီးပွားတိုးကြောင်း
အကြံကောင်းကို၊ နှစ်ထောင်းအားရ
ပေးဝေကြမြဲ၊ ပီသမိတ်ဆွေ အမှန်တည်း။

❖ လောကီစီးပွား၊ ဖြစ်လိုငြားက
အများစုပေါင်း၊ ဆောင်ရွက်ကောင်းဟု
သူဟောင်းစကား၊ ပေထက်ထား၏
မှတ်သားနာယူ၊ နှလုံးမူကြ
ညီတူဆန္ဒ၊ ကြိုးလုံ့လဖြင့်
လှမ်းကြတူပြိုင်၊ ဖွဲ့ခိုင်ခိုင်မို့
ပန်းတိုင်မလွဲ ရောက်ရမည်။

❖ နိုင်ငံအတွင်း၊ အသင်းများစွာ
ဝဲယာထက်အောက်၊ ရှေ့နောက်မကျန်
ပုံဟန်ကွန်ရက်၊ ချိတ်ဆက်လူမှုစီးပွား
အကျိုးများကြ အမှန်တည်း။

❖ ဌာနအသင်း၊ မိတ်ဆွေရင်းတည့်
ပေါင်းသင်းတည်ထောင်၊ တို့လူ့ဘောင်၏
မြားမြောင်စီးပွား၊ ဖွံ့ဖွံ့ထွားရန်
ကိုယ်အားဉာဏ်အားပေါင်းစည်းထားပြီ
စွမ်းအားဆင်ပြောင်ပမာတည်း။

**ကြီးမြင့်နိုင် (လှိုင်ကော်)**

# စက်သုံးဆီကို ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်မှုမရှိခြင်းကြောင့် ပြည်သူများတွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိရာ သန်လျင်ရေနံချက်စက်ရုံစီမံကိန်းသည် ပထမခြေလှမ်းဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

စက်သုံးဆီကို ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ခြင်း မရှိသည့်အတွက်ကြောင့် ပြည်သူများအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိရာ ယခု သန်လျင်ရေနံချက်စက်ရုံစီမံကိန်းသည် ပထမခြေလှမ်းဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ယနေ့ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) တွင် စက်ရုံသစ်တည်ဆောက်နေမှု သွားရောက်ကြည့်ရှု စစ်ဆေးစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။





ထို့အတူ ပြည်ထောင်စုဝန်ကြီးက ရေနံချက်စက်ရုံသစ်ကြီးအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးစေရေး၊ လုပ်ငန်းတစ်ခုချင်းစီအလိုက် အပိုင်းလိုက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပြင် တစ်ပြိုင်တည်း တည်ဆောက်ရမည့် လုပ်ငန်းကို သေချာစွာပြင်ဆင်၍ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို အမြန်ဆုံးလျော့နည်းသက်သာစေရန်အတွက် Quick Win ဖြစ်စေမည့် Moduler Type စက်ရုံအား ပထမအဆင့်အနေဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် သန်လျင် ရေနံချက်စက်ရုံသစ်စီမံကိန်းလုပ်ငန်းများနှင့် သီလဝါဆိပ်ကမ်းမှ စက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ သယ်ယူရောက်ရှိတပ်ဆင်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဖိအားမြင့် သဘာဝဓာတ်ငွေ့ CNG ကို ဖြန့်ဖြူးပေးရာတွင်လည်းကောင်း၊ စက်သုံးဆီများ ဖြန့်ဖြူးပေးရာတွင် ကြီးကြပ်စစ်ဆေးပေးသည့် ဝန်ထမ်းများအနေဖြင့်လည်းကောင်း၊ ပြည်သူလူထု နစ်နာမှုမရှိစေရေး စေတနာထား၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲသူပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ နစ်နာမှုမရှိစေရေးတို့အတွက် ပုံမှန်စစ်ဆေးခြင်း၊ အခါအားလျော်စွာ စစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းတို့ကိုလည်း ဝီရိယစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။



ဦးစွာ အလံတင်အခမ်းအနားကျင်းပပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (ဗဟို) အကြံပေးအဖွဲ့ ခေါင်းဆောင်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ဗဟို) ဂုဏ်ထူးဆောင် နာယကက ဦးစောထွန်းအောင်မြင့်၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည်ကိုးချက်တီးပြီး ကရင်လူငယ်ကိုးဦးက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ဗဟို) အကြံပေးအဖွဲ့ ခေါင်းဆောင်၊ ကရင် စာပေနှင့် ယဉ်ကျေးမှု ကော်မတီ (ဗဟို)ဂုဏ်ထူးဆောင် နာယက က ကရင်နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး၊ ကရင် အမျိုးသားနှစ်သစ်ကူး အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက ကရင်အမျိုးသားနှစ်သစ်ကူး အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပဲခူးရိုးမ တောင်ပေါ်ဒေသနေ ကရင်လူမျိုးများ၏ ကရင်ရိုးရာအိုးစည် အက၊ မှော်ဘီမြို့နယ် ကျီးပင်ဆိပ်ကျေးရွာက ကရင်ရိုးရာဒုံးအက၊ မှော်ဘီမြို့နယ် ကျွဲခေါင်းအင်းကျေးရွာက ကရင်ရိုးရာ ကြိုးကျစ်အက၊ ကွမ်းခြံကုန်းမြို့နယ် တိုက်ကြီးကျေးရွာက ကရင်ရိုးရာဒုံးအကနှင့် မှော်ဘီမြို့နယ် တလုတ်ကုန်းကျေးရွာက ကရင်ရိုးရာဒုံးအက စသည့်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာကြသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ဗဟို) အကြံပေးအဖွဲ့ခေါင်းဆောင်တို့က ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ (**ဝဲပုံ**) တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ပွဲတော်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်တွင် ပွဲကျင်းပရေးဦးစီးကော်မတီနှင့် မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပျော်ပွဲရွှင်ပွဲများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး စားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည် ဆိုင်ခန်းများဖြင့် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ၌ ကရင်နှစ်သစ်ကူး ပွဲတော်လာ ပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ဖွဲ့ထက်ကို(မြန်/ဆက်)**

# ထားဝယ်မြို့၌ (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် တိုင်းဒေသကြီး အတွင်းရှိ ကရင်တိုင်းရင်းသားများက ဦးဆောင်ကျင်းပသော ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ်၊ (၈၈)နှစ်မြောက်ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ် မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ချမ်းသာကြီး ကျောင်းဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၊ ကရင် တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား တိုင်းရင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ သဘာပတိအဖွဲ့များက စင်မြင့်ပေါ်တွင် နေရာယူကြပြီး ကက်သလစ်ဘုန်းတော်ကြီး ဖာသာ ဂျိုးဇက်သိန်းခင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး စောမာတင်လူသာက ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကိုနှစ်စဉ် အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ (၈၈) နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေပါ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့လူမျိုးများ၏ စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး ကရင်တိုင်းရင်းသား မောင်မယ်များထံသို့ စနစ်တကျ လက်ဆင့်ကမ်းအမွေများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ကရင်ရိုးရာဒုံးယိမ်းအကနှင့် တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်ပြီး တာဝန်ရှိသူများက မြန်မာဘာသာနှင့် ကရင်ဘာသာဖြင့် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံကို တင်ပြကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ် (**ဝဲပုံ**) နှင့် တာဝန်ရှိသူများက ကရင်အမျိုးသား နှစ်သစ်ကူးနေ့အထိမ်းအမှတ်ပန်းချီ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောအောင်ထွန်းက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းရင်းသားများက ကရင်အမျိုးသားသီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဇရပ်ကွင်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက လက်ပန်လှကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

❑ *ရှေ့ဖုံးမှ*

အဆိုပါဒေသရှိ ဒေသခံတိုင်းရင်းသားများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် ဥစ္စာပစ္စည်းများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေး၊ ယာယီ နေရပ်စွန့်ခွာပြည်သူများ ၎င်းတို့၏နေရပ်သို့ ပြန်လည်အခြေချ နေထိုင်နိုင်ရေး၊ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နိုင်ငံစီးပွားတိုးတက်ရေး အထောက်အကူပြုသည့် မြေပေါ်/မြေအောက် သယံဇာတများ ပြန်လည် ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ ဖယောင်းတောင်သတ္တုတွင်းဒေသအား ဩဂုတ် ၂၄ ရက်တွင် လည်းကောင်း၊ အယ်လ်ဖာဘိလပ်မြေစက်ရုံတစ်ဝိုက်အား ဩဂုတ်



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့ ပြည်သူ့ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

၂၈ ရက်တွင် လည်းကောင်း၊ ဆည်တော်ကြီး ကျေးရွာနှင့် ရေလှောင်တမံအား နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း အဝေးရောက် ဒေသခံပြည်သူများ၏ စစ်ရေးသတင်းပေး ကူညီမှုများဖြင့် တစ်နေရာပြီး တစ်နေရာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒေသများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုရရှိထားသည့် တပ်မတော်စစ်ကြောင်းများအနေဖြင့် မတ္တရာ၊ ပြင်ဦးလွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဌာနချုပ်အဖြစ်ဖွင့်လှစ်၍ ယာယီစိုးမိုးထားသည့် စဥ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာ ဒေသတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများအား ဖြည့်တင်းဆောင်ရွက်ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများပူးပေါင်း၍ မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ကာ မြေပြင်သတင်း ဖော်ထုတ်ပြီး တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များ၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအားတိုးတက်မြင့်မားလာမှု၊ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်တို့နှင့်အတူ စဥ့်ကူးမြို့နှင့် လက်ပန်လှ



တပ်မတော်စစ်ကြောင်းများက စဥ့်ကူးမြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

ကျေးရွာဒေသတို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ပိတ်ဆို့ရေးအနေဖြင့် သပိတ်ကျင်း-ဝါးဖြူတောင်မှတစ်ဆင့် ဇရပ်ကွင်းသို့ စစ်ကြောင်း ၂ ကြောင်းဖြင့် ပိတ်ဆို့ရှင်းလင်းခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် ဇရပ်ကွင်းကို ထိန်းချုပ်နိုင်ခဲ့ပြီး လိပ်ကျ၊ ချောင်းကြီးနှင့် နွယ်ရုံတစ်ဝိုက်ကိုလည်း ဆက်လက်ပိတ်ဆို့ ထိန်းချုပ်ခဲ့သည်။ ဆက်လက်၍ ရတနာသိင်္ဂီ-နားခါ-ပျဉ်းချောင်း - လမင်းသာ လမ်းကြောင်း၊ ပန်းတင် - မြကန်သာ လမ်းကြောင်း၊ မတ္တရာ-စဥ့်ကူး လမ်းမကြီး ဘယ်/ညာမှ-တရော်ပင် - ညောင်ဝန်း - သာယာကုန်း လမ်းကြောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း -ကျောက်နွား-ရေတော်-ရွှေလှေ လမ်းကြောင်းတို့ဖြင့် စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လက်ပန်လှကျေးရွာတစ်ဝိုက်အား ဒီဇင်ဘာ ၁၈ ရက်တွင် လည်းကောင်း၊ စဥ့်ကူးမြို့တစ်မြို့လုံးအား ယနေ့တွင်လည်းကောင်း၊ ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် စဥ့်ကူးမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် တိုက်ပွဲကြီး/ငယ် အကြိမ် ၅၀ ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၂ လောင်း၊ လက်နက်မျိုးစုံ ၄၇ လက်၊ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်နေသော CRPH ၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါဒေသအား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အဓိက သွားလာအသုံးပြုလျက်ရှိသည့် အဆိုပါဒေသရှိ ဧရာဝတီတံတား(ရတနာသိင်္ဃ)၊ ကျောက်စရစ်ကုန်းတံတား၊ ***စာမျက်နှာ ၉ သို့***





ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဧရာဝတီတံတား (ရတနာသိင်္ဃ) အား မိုင်းထောက်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာ အဆောက်အအုံများ ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဇရပ်ကွင်းဆေးရုံအား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဌာနဆိုင်ရာ အဆောက်အအုံများအတွင်း ဘန်ကာများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက လူနေအိမ်များအတွင်း ဘန်ကာများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဇရပ်ကွင်းဆေးရုံအတွင်း ဘန်ကာများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျောက်စရစ်ကုန်းတံတားအားပြန်လည်ပြုပြင်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူတစ်ဦး၏ ရုပ်အလောင်း။

*စာမျက်နှာ ၈ မှ*

ဇရပ်ကွင်းတံတား အပါအဝင် လမ်း၊ တံတားကြီးများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများ၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။

ထို့အပြင် ဆည်တော်ကြီးရေလှောင်တမံ၏ ဆည်ရေပိုလွှဲရေတံခါး အဖွင့်/အပိတ် မောင်းခလုတ်၊ ဆည်တမံပေါင်နှင့် ရေထိန်းတံခါးတို့အား မိုင်းထောင်၍ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရပြီး တပ်မတော်အနေဖြင့် လက်မတင် အချိန်မီတားဆီးထိန်းချုပ်နိုင်ခဲ့သည်။

ယခု ဆုတ်ခွာထွက်ပြေးစဉ်တွင်လည်း ၎င်းတို့လုပ်ဆောင်နေကျ နည်းလမ်းများဖြစ်သည့် ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုးသိမ်းဆည်းထားသော ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ အဆိုပါဒေသအတွင်းရှိ နိုင်ငံတော်၏ သယံဇာတဖြစ်သော တရားဝင်ခွင့်ပြုထားသည့် ရွှေလုပ်ကွက်များအတွင်း အတင်းအဓမ္မဝင်ရောက်လုပ်ကိုင်တူးဖော်ခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်ပစ္စည်းများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်ယူဆောင်ခြင်းများပြုလုပ်ကာ ရွှေ/သတ္တု ရောရာမြေစာများနှင့် အဖိုးတန်ပစ္စည်းများအား ယာယီနေရပ်စွန့်ခွာပြည်သူများ ထားရှိခဲ့သည့် မော်တော်ယာဉ်များဖြင့်တင်ဆောင်ကာ ဧရာဝတီမြစ်အား ဖြတ်ကူး၍ ဆုတ်ခွာထွက်ပြေးရန် လုပ်ဆောင်လျက်ရှိကြောင်း မြေပြင်သတင်းဖော်ထုတ်ချက်အရ တပ်မတော်စစ်ကြောင်းများက မြေပြင်၊ ဝေဟင်စစ်နည်းဗျူဟာမြောက် ပေါင်းစပ်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် အထိနာစွာဖြင့် ဧရာဝတီမြစ်အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးစဉ် အစီအစဉ်ပျက်ပြားကာ ဦးတည်ရာမဲ့ ထွက်ပြေးလျက်ရှိပြီး အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများကိုလည်း တပ်မတော်စစ်ကြောင်းများက မြေပြင်/ဝေဟင် ပေါင်းစပ်၍ ထက်ကြပ်လိုက်လံချေမှုန်းလျက်ရှိကြောင်းနှင့် စဥ့်ကူးမြို့နှင့် လက်ပန်လှကျေးရွာအတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာလုပ်သားထုအနာဂတ်များ ထွန်းတောက်ဖို့ ဘဝတစ်သက်တာလေ့ကျင့်သင်ကြားမှုများပြုလုပ်စို့

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်အနက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ စွမ်းရည်မြင့်သော လုပ်သားထုဖြစ်နေမှသာလျှင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။**

*Skilled Man*

စွမ်းရည်မြင့်သော လုပ်သားထုရရှိရန် ငယ်စဉ်ကတည်းက ကောင်းမွန်သော အခြေခံပညာလေ့လာသင်ယူခဲ့ပြီး ဆက်လက်၍လည်း လေ့လာသင်ယူမှု (Lifelong Learning) ပြုနေရမည်ဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော လုပ်သားထု၏အရည်အသွေးပြည့်ဝသော ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ဘဝတစ်သက်တာ လေ့လာသင်ယူရေးတို့သည် နိုင်ငံ၏အကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်ရန် တွန်းအားများ ဖြစ်ပေါ်လာပါမည်။

**လုပ်သားတို့၏ ရည်မှန်းချက်များကို ပြန်လည်ဆန်းစစ်**

ဘဝတစ်သက်တာလေ့လာသင်ယူမှုများဖြစ်ထွန်းနိုင်စေရန်အတွက် လုပ်သားတို့၏ ရည်မှန်းချက်များကို ပြန်လည်ဆန်းစစ်၍ အလုပ်ရှင်နှင့် အစိုးရတို့က လုပ်သားတို့၏ အဆင့်အားလုံးတွင် ပညာရေးနှင့် လေ့ကျင့်သင်ကြားနိုင်ခွင့်အတွက် အခြေအနေများ ဖန်တီးပေးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများ ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝသော ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ဘဝတစ်သက်တာ လေ့လာရေးများသည် အလုပ်အကိုင်များ ဖော်ဆောင်ရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သော စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အပြန်အလှန်အကျိုးပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်အသီးသီးတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာပြီးဆုံးအောင် သင်ကြားနိုင်ခြင်းမရှိဘဲ အသက်ရှင်နေထိုင်မှုအတွက် မိသားစုဝင်ငွေရရှိရေး အလုပ်အကိုင်အမျိုးမျိုး လုပ်ကိုင်နေရသူများရှိပါသည်။ ထိုသူများသည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေစေရေး မိမိတို့တတ်မြောက်ထားသော အတတ်ပညာကို အခြေခံ၍ တိုးတက်သော ဘဝအဆင့်အတန်းများ ရရှိစေရန် အလုပ်လုပ်ရင်း လေ့လာသင်ယူသွားနိုင်ဖို့ လိုပါသည်။

မိမိတို့အလုပ်အကိုင်တွင် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဝတစ်သက်တာလုံး သင်ယူလေ့ကျင့်မှု စဉ်ဆက်မပြတ်ရှိနေရန် အားထုတ်သွားရမည်ဖြစ်ရာ နိုင်ငံတော်က နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါသည်။ နိုင်ငံတော်က လုပ်သားထု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကအရေးပါသည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရစေရေး ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အလုပ်သမားများအား သိသင့်သိထိုက်သော သတင်းအချက်အလက်များ မျှဝေပေးလိုပါသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းခွင်များရှိ လုပ်သားထု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပေါင်းစပ်ချဉ်းကပ်သော နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာလုပ်သားများအား ဒေသတွင်းလုပ်သားထုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပေးရန်နှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေးတို့သည် အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများအတွက် အရေးပါလျက်ရှိပါသည်။ ကမ္ဘာ့အလုပ်အကိုင်လောကတွင် အလုပ်အကိုင်သစ်များသည် စီးပွားရေးအခြေအနေအမျိုးမျိုးနှင့် ကိုဗစ်–၁၉ ရောဂါ နောက်ပိုင်းကာလများတွင် ယှဉ်တွဲပေါ်ပေါက်လျက်ရှိရာ နည်းပညာအသစ်အဆန်းများ၊ ကျွမ်းကျင်မှု အသစ်များသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ပေါ်တိုးတက်လျက်ရှိပါသည်။

> ◆ **ရေးဆွဲလိုက်သည့် ကျွမ်းကျင်မှုစံများသည် မြန်မာနိုင်ငံအနေအထား၊ မြန်မာ့လုပ်သားထုနှင့် လိုက်လျောညီထွေဖြစ်ရန်လည်းလိုအပ်ကာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှသာလျှင် ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သော မြန်မာလုပ်သားထု ပေါ်ပေါက်လာမည်**
>
> ◆ **အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသောလုပ်သားများသည် အလုပ်အကိုင်အခွင့်အလမ်းတည်မြဲခြင်း၊ ကိုင်ဆောင်ထားသော ကျွမ်းကျင်မှုလက်မှတ်နှင့် လိုက်လျောညီထွေဖြစ်သော လုပ်ခလစာ မျှော်မှန်းရရှိလာနိုင်ခြင်း၊ ဒေသတွင်းနိုင်ငံများရှိလုပ်သားများနှင့် ရင်ပေါင်တန်းလာနိုင်ခြင်းတို့ကြောင့် မိမိတို့အလုပ်အပေါ် မြတ်နိုးတွယ်တာစိတ်များ ပေါ်ပေါက်လာမည်**

ယနေ့ နိုင်ငံတော်က ရေရှည်တည်တံ့သော စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့ကို အခြေခံ၍ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကဏ္ဍအသီးသီးရှိ လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်နေကြသော လုပ်သားထု၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုရှိရေး၊ စိတ်ခတ်ခိုင်မာအားကောင်းရေး၊ အလုပ်အပေါ် တန်ဖိုးထားလုပ်ကိုင်ရေးတို့သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအရေးပါပါသည်။ အဆိုပါအချက်များ ရရှိရေးအတွက် လုပ်သားထု၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုရှိရေး ဘဝတစ်သက်တာ လေ့ကျင့်သင်ကြားနိုင်ရေးတို့သည် အလေးပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် အလုပ်သမားဝန်ကြီးဌာနက မှတ်ယူထားပါသည်။

**မြန်မာလုပ်သားထု၏ အနာဂတ်ရောင်နီသန်းလာပြီ**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များတွင် **"နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှုသည် လူသားအရင်းအမြစ် ကြွယ်ဝမှုအပေါ်တွင် မူတည်ကြောင်း၊ စီးပွားရေးကိုကောင်းမွန်အောင် လုပ်ဆောင်နိုင်သည့် ကုန်ထုတ်လုပ်မှုတိုးတက်အောင် လုပ်ဆောင်နိုင်သော လူသားအရင်းအမြစ်များ ပေါ်များလာပါက နိုင်ငံ့စီးပွားသည် တိုးတက်လာမည်ဖြစ်ကြောင်း"** လမ်းညွှန်ချက်များကို အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ရာ မြန်မာလုပ်သားထု၏ အနာဂတ်သည် ဖွံ့ဖြိုးတိုးတက်မှုရောင်နီသန်းလာပြီ ဖြစ်ပါသည်။

အလုပ်သမားဝန်ကြီးဌာနက **"စည်းကမ်းကောင်းမွန်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော အရည်အချင်းပြည့်ဝသည့် လုပ်သားထု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရေး"** မူဝါဒများကလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အားအင်အပြည့်ဖြင့် ဆောင်ရွက်နိုင်ရန် တွန်းအားကို ရရှိစေပါသည်။

လုပ်သားထု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးတွင် လုပ်ငန်းခွင်အတွင်း ရောက်ရှိနေသော လုပ်သားများအတွက် နည်းလမ်းနှစ်သွယ်ဖြင့် အဓိက ထားစဉ်းစားရမည်ဖြစ်ရာ လုပ်ငန်းခွင်အသီးသီးတွင် ပေါ်ပေါက်လာနိုင်သော ကျွမ်းကျင်မှုအသစ်များအတွက် မွမ်းမံသင်တန်းပေးခြင်း နည်းလမ်း(၁)နှင့် လုပ်ငန်းခွင်အတွင်းရရှိပြီးသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများအပေါ် အဆင့်အလိုက် စိစစ်အကဲဖြတ်ခံခြင်း၊ ပိုမိုမြင့်မားသော ကျွမ်းကျင်မှုအဆင့်များသို့ တက်လှမ်းနိုင်ရေး သင်ယူလေ့လာမှုများ ထပ်မံပြုလုပ်၍ အဆင့်မြင့်ကျွမ်းကျင်မှုများအတွက် စစ်ဆေးအကဲဖြတ်နိုင်ရန် ကြိုးစားခြင်း နည်းလမ်း(၂) ဆောင်ရွက်မှုများဖြင့် လုပ်သားများ ဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ အနာဂတ်များ ထွန်းတောက်လာမည်ဖြစ်ပါသည်။

**ခေတ်ပေါ်နည်းပညာများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်**

ယနေ့နည်းပညာခေတ်တွင် အလုပ်အကိုင်ကဏ္ဍအသီးသီး၌ ဆန်းသစ်သော နည်းပညာနှင့်အတူ ကျွမ်းကျင်မှုအသစ်များ(New Skills)၊ အစိမ်းရောင် ကျွမ်းကျင်မှုများ(Green Skills)၊ မိမိတတ်ကျွမ်းထားမှုအပေါ် ထပ်မံမွမ်းမံပေးရသော ကျွမ်းကျင်မှု (Reskills)၊ အဆင့်မြင့်လာသော ကျွမ်းကျင်မှု (Upskills) များ ပေါ်ပေါက်လျက်ရှိရာ မြန်မာအလုပ်သမားများသည် ခေတ်ပေါ်နည်းပညာများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ မြန်မာလုပ်သားတိုင်းသည် ပြောင်းလဲနေသော ကျွမ်းကျင်မှုများအား အမီလိုက်ရန် ဘဝတစ်သက်တာ လေ့ကျင့်သင်ကြားနေခြင်း၊ အဆင့်မြင့်သော ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ကိုင်ဆောင်နိုင်ရန် ပုံမှန်စစ်ဆေး အကဲဖြတ်မှုခံယူကာ မှတ်ကျောက်တင်ထားခြင်းတို့ ဆောင်ရွက်ထားရန် လိုအပ်လာပါသည်။ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသော နည်းပညာကျွမ်းကျင်မှုများကို သိရှိအမီလိုက်နိုင်မှသာ အလုပ်အကိုင် အခွင့်အလမ်း တည်မြဲကာ မိသားစု စီးပွားဘဝလုံခြုံမှုရရှိနိုင်မည်ကိုလည်း ဂရုပြုရန် လိုအပ်လာပါသည်။

အလုပ်သမားဝန်ကြီးဌာနက လုပ်သားများဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရန် ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မွန်နှင့် ကရင်ပြည်နယ်တို့၌ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများဖွင့်လှစ်ကာ လုပ်ငန်းခွင်ဝင်အခြေခံသင်တန်းများဖြစ်သော လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ လေအေးပေးစက် တပ်ဆင်ပြုပြင်သင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းခြင်းသင်တန်း၊ မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းခြင်းသင်တန်း၊ Air Compressor ပြုပြင် ထိန်းသိမ်းခြင်းသင်တန်းနှင့် ကြွေပြားကပ်သင်တန်းများ စသည့်လုပ်ငန်းခွင်ဝင် အခြေခံသက်မွေးပညာသင်တန်းများ၊ အဆင့်မြင့်သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ပို့ချနေရုံသာမက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းပြီး ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် လုပ်ငန်းခွင်ကျွမ်းကျင်မှု မွမ်းမံသင်တန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားရရှိစေရန် သက်မွေးပညာသင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

အလားတူ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လုပ်သားနှင့် ဆက်စပ်လုပ်ကိုင်နေသော ဝန်ကြီးဌာနများကလည်း လုပ်ငန်းခွင်ကျွမ်းကျင်မှုအခြေခံသင်တန်း၊ မွမ်းမံသင်တန်းများ ပြုလုပ်ပြီး လုပ်သားများဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသတွင်းရှိ အလုပ်အကိုင်လောကနှင့် အနာဂတ်အလုပ်အကိုင်များတွင် တိုးတက်လာသော ဉာဏ်ရည်တုနည်းပညာများ နေရာယူလာခြင်း၊ ဆန်းသစ်တီထွင်မှုများနှင့် လုပ်ငန်းခွင်အသီးသီးတွင် ကျွမ်းကျင်မှုအသစ်များ ပေါ်ပေါက်လာခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာ၍ လက်မှုလုပ်ငန်းများနေရာတွင် အစားထိုးဝင်ရောက်လာခြင်း၊ အစိမ်းရောင်စီးပွားရေးကို အားပေးသော အစိမ်းရောင်ကျွမ်းကျင်မှုတို့သည် အလုပ်သမားထုအတွက် ကျွမ်းကျင်မှုများကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် သတိပေးခေါင်းလောင်းသံဖြစ်လာရာ မိမိတို့တတ်ကျွမ်းထားသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများအား အဆင့်မြှင့်တင်လေ့လာသင်ကြားခြင်းနှင့် မှတ်ကျောက်တင်နိုင်သော ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ကိုင်ဆောင်ထားရှိရန် အရေးတကြီး လိုအပ်လာပါသည်။

လုပ်ငန်းခွင်တွင် လိုအပ်သည့် ခေတ်စနစ်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုများရှိသည့် လုပ်သားများ မွေးထုတ်နိုင်မှသာ ကုန်ထုတ်စွမ်းအား တိုးမြင့်လာနိုင်မည်ဖြစ်၍ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုနည်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမားဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်နေသော မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA)သည် မြန်မာလုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု စစ်ဆေးမှတ်ကျောက်တင်ပေးနိုင်သည့် အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ပေါ်ပေါက်လာပါသည်။

NSSA ကို မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ၂၀၀၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ စည်းကြပ်ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၈
ရက်
သာ လိုတော့သည်။

*စာမျက်နှာ ၁၀ မှ*

မျက်မှောက်ခေတ်ကာလတွင် ပြောင်းလဲတိုးတက်လာမှုများနှင့်အတူ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပြင်ဆင်ရန် လိုအပ်သည့်အချက်များ တွေ့ရှိရသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ “အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ” ကို ၂၀-၃-၂၀၂၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး လုပ်သားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် လမ်းကြောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။

NSSA သည် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများရေးဆွဲခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျွမ်းကျင်မှုစံအခြေပြုသင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်း၊ လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများအတွက် ရရှိပြီး အလုပ်အကိုင်ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ပေးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ အမျိုးသားအဆင့်ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

### အဆင့် ၄ ဆင့်ဖြင့် စစ်ဆေးအကဲဖြတ်လျက်ရှိ

လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများသည် လုပ်သက်ရလာသည်နှင့်အမျှ မိမိလုပ်ကိုင်နေသော အလုပ်တွင် ကျွမ်းကျင်မှုများ ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံ့ စီးပွားရေးဈေးကွက်အတွင်းရှိ အလုပ်အကိုင်ကဏ္ဍအသီးသီးတွင် လုပ်သားများ၏ ကျွမ်းကျင်မှုအရည်အသွေး အဆင့်အတန်းအား အဆင့် ၄ ဆင့်ဖြင့် သတ်မှတ်ကာ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်လျက်ရှိပါသည်။

အဆင့် ၁ သတ်မှတ်ချက်အနေဖြင့် မိမိနှင့်သက်ဆိုင်သော လုပ်ငန်းအတွက် ကြီးကြပ်သူ၏ လမ်းညွှန်မှုနှင့်အညီ လုပ်ငန်းအားချောမွေ့စွာ ဆောင်ရွက်တတ်သော တစ်စိတ်တစ်ဒေသ ကျွမ်းကျင်လုပ်သား(Semi-Skilled Worker)၊ မိမိနှင့်သက်ဆိုင်သော လုပ်ငန်းအတွက် မိမိကိုယ်တိုင် လုပ်ငန်းအစမှအဆုံး မည်သူ၏အကူအညီမျှ မယူဘဲ ဆောင်ရွက်တတ်သော အဆင့် ၂ သတ်မှတ်ချက်ရှိ ကျွမ်းကျင်လုပ်သား (Skilled Worker)၊ မိမိနှင့်သက်ဆိုင်သောလုပ်ငန်းအတွက်သာမက အခြားလုပ်ငန်းတူများ၏ လိုအပ်ချက်များအပေါ် ညွှန်ပြနိုင်၍ လုပ်ငန်းချောမွေ့ပြီးဆုံးအောင် ဆောင်ရွက်တတ်သော အဆင့် ၃ သတ်မှတ်ချက်ရှိအဆင့်မြင့်ကျွမ်းကျင်လုပ်သား (Advanced-Skilled Worker)၊ မိမိနှင့်သက်ဆိုင်သော လုပ်ငန်းအတွက် စီမံခန့်ခွဲခြင်း၊ ဆန်းသစ်တီထွင်ခြင်းများဖြင့် ဆောင်ရွက်တတ်သော အဆင့် ၄ သတ်မှတ်ချက်ရှိ ကြီးကြပ်သူ အဆင့်ကျွမ်းကျင်လုပ်သား (Supervisor) ဟူ၍ ခွဲခြားနိုင်ပါသည်။

အဆိုပါအဆင့်အတန်းရှိသော ကျွမ်းကျင်လုပ်သားများရရှိရန် စစ်ဆေးအကဲဖြတ်ရာတွင် NSSA သည် အာဆီယံနိုင်ငံများအတွင်းရှိ လုပ်သားများကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များကို နမူနာယူ၍ မိမိနိုင်ငံနှင့်ကိုက်ညီသော ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးပုံစံဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က အဓိကပူးပေါင်းပါဝင်ခဲ့ကြပြီး လုပ်သားထုနှင့် နီးနွယ်နေသော ဆက်စပ်ဝန်ကြီးဌာနများလည်း အားဖြည့်ပူးပေါင်းပါဝင်လာကာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီနှင့် လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီ ၁၆ ခုတို့နှင့် ပူးပေါင်းပြီး ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အားအင်အပြည့် ဆောင်ရွက်လျက်ရှိပါသည်။

NSSA ၏ ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် လုပ်သားတစ်ဦး၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု၊ အလုပ်အကိုင်ဆိုင်ရာအသိပညာ၊ လုပ်ငန်းအပေါ် တန်ဖိုးထားသော စိတ်ဓာတ်အပြုအမူများ ပါဝင်သော ကျွမ်းကျင်မှုစံ (Competency Standard) နှုန်းများကို အဓိကအခြေခံထားပါသည်။ အဆိုပါစံနှုန်းများဖြင့် မေးခွန်းများပြုစုကာ စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ကျွမ်းကျင်မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ချက်ဖြင့် အလုပ်အကိုင်ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်လျက်ရှိသဖြင့် လုပ်ငန်းခွင်များတွင် လုပ်ငန်းရှင်များ လိုအပ်သော ကျွမ်းကျင်မှုစံနှုန်းများအတိုင်း စစ်ဆေးအကဲဖြတ်ပေးလျက်ရှိပါသည်။ ရေးဆွဲလိုက်သည့် ကျွမ်းကျင်မှုစံများသည် မြန်မာနိုင်ငံအနေအထား၊ မြန်မာ့လုပ်သားထုနှင့် လိုက်လျောညီထွေ ဖြစ်ရန်လည်း လိုအပ်ကာ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှသာလျှင် ဒေသတွင်း နိုင်ငံများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သော မြန်မာလုပ်သားထု ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

> **အလုပ်ရှင်များသည် မိမိလုပ်သားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်းဖြင့် မိမိလုပ်သားများ၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက မိမိတို့လုပ်ငန်းခွင်တွင် ကျွမ်းကျင်လုပ်သားများနှင့် လက်တွဲလုပ်ကိုင်ပါက လုပ်ငန်းခွင်ပြဿနာနည်းပါးခြင်း၊ အရည်အသွေးပြည့်မီသည့် ကုန်ထုတ် စွမ်းအားတိုးတက်လာခြင်း၊ ဝင်ငွေတိုးတက်လာခြင်း၊ လုပ်ငန်း၏ နာမည်ဂုဏ်သတင်းကောင်းများရရှိလာခြင်း စသည့်ရလဒ်ကောင်းများကို မလွဲမသွေ ရရှိခံစားရမည်**

မြန်မာ့လုပ်သားဈေးကွက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ၍ ကျွမ်းကျင်မှု လိုအပ်သော ဂဟေဆက်အလုပ်အကိုင်၊ လေအေးပေးစက်တပ်ဆင်ခြင်းအလုပ်အကိုင်၊ အိမ်တွင်း လျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းအလုပ်အကိုင်ကဲ့သို့ စက်မှုနှင့် အင်ဂျင်နီယာအလုပ်အကိုင်များ၊ ဟိုတယ်အိပ်ခန်းဆောင်ပြုပြင်သော သန့်ရှင်းရေးအလုပ်အကိုင်၊ ဟိုတယ်စားပွဲထိုးအလုပ်အကိုင်၊ အကူသူနာပြုအလုပ်အကိုင်ကဲ့သို့သော ဝန်ဆောင်မှုအလုပ်အကိုင်များ၊ ရော်ဘာအစေးခြစ်အလုပ်အကိုင်၊ ကြက်ခြံလုပ်သားကဲ့သို့သော စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အလုပ်အကိုင်များ စသည့်ကဏ္ဍအသီးသီးတွင် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများကို အဆင့် ၄ ဆင့် သတ်မှတ်၍ စစ်ဆေးအကဲဖြတ်ပေးလျက်ရှိပါသည်။

NSSA အနေဖြင့် လုပ်သားအင်အား များပြားသော အလုပ်အကိုင်များအတွက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ စစ်ဆေးအကဲဖြတ်ပေးလျက်ရှိရာ လက်ရှိအချိန်ထိ မြန်မာ့စီးပွားရေးဈေးကွက်ဝင်လုပ်ငန်းကဏ္ဍအသီးသီးရှိ အလုပ်အကိုင် ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံ ၁၀၄ ခု ရေးဆွဲအတည်ပြုနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ အလုပ်အကိုင် ၅၈ မျိုးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၃၀၂ ခုဖြင့် ဖြေဆိုသူ ၃၃၆၀၅ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ကာ အရည်အသွေးပြည့်မီသူ အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သား ၃၁၀၇၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

### အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်

အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော လုပ်သားများသည် အလုပ်အကိုင်အခွင့်အလမ်း တည်မြဲခြင်း၊ ကိုင်ဆောင်ထားသော ကျွမ်းကျင်မှုလက်မှတ်နှင့် လိုက်လျောညီထွေဖြစ်သော လုပ်ခလစာ မျှော်မှန်းရရှိလာနိုင်ခြင်း၊ ဒေသတွင်း နိုင်ငံများရှိ လုပ်သားများနှင့် ရင်ပေါင်တန်းလာနိုင်ခြင်းတို့ကြောင့် မိမိတို့အလုပ်အပေါ် မြတ်နိုးတွယ်တာစိတ်များ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာချိန်တွင် အလုပ်သမားများသည် အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ အသင့်ကိုင်ဆောင်ထားနိုင်ခြင်း၊ အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာရာတွင် တန်းတူအခွင့်အရေး ရရှိနိုင်ခြင်းနှင့် ပြည်တွင်းလုပ်ငန်းခွင်များတွင် ရရှိထားသည့် ကျွမ်းကျင်မှုအဆင့်နှင့်ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

အလုပ်ရှင်များသည် မိမိလုပ်သားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်းဖြင့် မိမိလုပ်သားများ၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက မိမိတို့လုပ်ငန်းခွင်တွင် ကျွမ်းကျင်လုပ်သားများနှင့် လက်တွဲလုပ်ကိုင်ပါက လုပ်ငန်းခွင်ပြဿနာနည်းပါးခြင်း၊ အရည်အသွေးပြည့်မီသည့် ကုန်ထုတ်စွမ်းအားတိုးတက်လာခြင်း၊ ဝင်ငွေတိုးတက်လာခြင်း၊ လုပ်ငန်း၏ နာမည်ဂုဏ်သတင်းကောင်းများ ရရှိလာခြင်း စသည့်ရလဒ်ကောင်းများကို မလွဲမသွေ ရရှိခံစားရမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လက်တွဲပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် ခိုင်မာသော ကျွမ်းကျင်လုပ်သားစာရင်း ဇယားများနှင့်အတူ နိုင်ငံ့စီးပွားဘဝမြင့်မားရေး မျှော်မှန်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်များ သဘာဝသည် တစ်ဦးတစ်ယောက်တည်း အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ရခြင်းမျိုးမဟုတ်ဘဲ စစ်ဆေးအကဲဖြတ်မည့်သူ၊ စစ်ဆေးအကဲဖြတ်ခံယူမည့်သူ၊ စစ်ဆေးအကဲဖြတ်မည့်နေရာ၊ အသိအမှတ်ပြုပေးမည့် အဖွဲ့အစည်း စသည့်လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် ရမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ လုပ်ငန်းရှင်များ၊ လုပ်ငန်းကဏ္ဍအသီးသီးရှိ လုပ်သားများ၊ လုပ်သားရှိသော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မည့်လုပ်ငန်းစဉ်များဖြစ်ပါသည်။ “တိုင်းပြည်၏ စွမ်းအားသည် ပြည်တွင်း၌သာရှိပြီး” တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လုပ်သားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးသည် အရေးပါသည့်အခန်းကဏ္ဍ ဖြစ်သောကြောင့် ခေတ်ကာလနှင့်အညီ ပြောင်းလဲတိုးတက်နေသော နည်းပညာတတ်ကျွမ်းသည့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရ၊ လုပ်ငန်းရှင်၊ အလုပ်သမား သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်သစ်ဆီသို့ အရောက်လှမ်းကာ အနာဂတ်များ ထွန်းတောက်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဒီဇင်ဘာ ၁၉

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ချောင်းဆုံမြို့နယ်၌ (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၉**

ကရင်တိုင်းရင်းသား များ၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက (၈၈) နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ဝင်းစိန်ကျေးရွာ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ကရင်ဝင်းစိန် တောင်ပေါ်ကြီးကျောင်းဆရာတော်က အဖွင့်ဩဝါဒမြွက်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်က နှစ်စဉ် ပြာသိုလဆန်း(၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် ကရင်တိုင်းရင်းသားများ အမြတ်တနိုးတန်ဖိုးထားကြသော၊ လူသိများသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသား လူမျိုးများအနေဖြင့် မိမိတို့ ဘိုးဘွားများ၏ လက်ဆင့်ကမ်း အမွေဖြစ်သည့် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်စေရန် ဆက်လက် ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော် တည်ဆောက်နိုင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာအား မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ဖတ်ကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းကို ကရင်ဘာသာ၊ မြန်မာဘာသာဖြင့် ဖတ်ကြားတင်ပြသည်။

ယင်းနောက် (၈၈)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား ကျင်းပနိုင်ရေး အတွက်ပြည်နယ်အစိုးရမှပေးအပ်သည့် ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ (**အပေါ်ပုံ**) ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ အလှူရှင်များကို ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကာ ကရင်ဝင်းစိန် ဒုံးယိမ်းအဖွဲ့မှ ဒုံးယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တက်ရောက်လာကြသည့် ကရင် တိုင်းရင်းသားတို့အား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# အွန်လိုင်းအသုံးပြုလိမ်လည်မှုတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအပြည်ပြည်ဆိုင်ရာညီလာခံသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အွန်လိုင်းအသုံးပြု လိမ်လည်မှု တိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည် ဆိုင်ရာညီလာခံကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Intercontinental Bangkok ဟိုတယ်၌ ကျင်းပသည်။

ညီလာခံဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ရဝမ်ဒါ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ တောင်ဆူဒန်၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံပေါင်း ၅၈ နိုင်ငံနှင့် UNODC အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၃၀၀ ကျော်ခန့် တက်ရောက်ကြသည်။

ညီလာခံကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် UNODC တို့က ပူးတွဲသဘာပတိများအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sihasak Phangketkeow က အဖွင့်အမှာစကားပြောကြားခြင်းနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Gutteres နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mr. Volker Turk တို့က Video Message ဖြင့် အမှာစကားပြောကြားခြင်း၊ UNODC ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Delphine Schantz က အမှာစကားပြောကြားခြင်း၊ ရဝမ်ဒါ၊ ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ တရုတ်၊ မွန်ဂိုလီးယား၊ အီတလီ၊ ကနေဒါ၊ အီဂျစ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ဥရောပသမဂ္ဂ၊ ဆွီဒင်၊ ဂျာမနီ၊ မော်ရိုကို၊ ဩစတြေးလျ၊ ကိုရီးယား၊ ပိုလန်၊ ဖိလစ်ပိုင်၊ ဗြိတိန်၊ စင်ကာပူ၊ ကင်ညာနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များက Online Scam နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မိမိတို့နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ”** ကို ဒီဇင်ဘာ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် အွန်လိုင်းအသုံးပြု လိမ်လည်မှုများ၏ အရင်းအမြစ်နှင့် အကျိုးအမြတ်ရရှိနေခြင်းမရှိပါကြောင်း၊ လိမ်လည်မှုမှရရှိသော ငွေကြေးအားလုံးသည် မြန်မာနိုင်ငံ၏ ဘဏ်စနစ်အတွင်း ရောက်ရှိလာခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခံရသူများကို ရှာဖွေကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့အား လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသသို့ ရောက်ရှိလာသူများ၏ ၀ ဒသမ ၄ ရာခိုင်နှုန်းသာ တရားဝင် ဝင်ရောက်လာသူများဖြစ်ပြီး ကျန်သူများသည် နယ်စပ်ဖြတ်ကျော်၍ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြောင်း၊ နိုင်ငံတကာအနေဖြင့် စေတနာအမှန်ဖြင့် ပံ့ပိုးကူညီခြင်းဖြင့်သာ အွန်လိုင်းအသုံးပြု လိမ်လည်သည့် ကွန်ရက်များကို ထိထိရောက်ရောက် ဖြိုခွင်းနိုင်မည်ဖြစ်ကြောင်း၊ ဇာတိနိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံသားများအတွက်ကြိုတင်တားဆီးကာကွယ်ရေး အစီအမံများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် ဖြတ်သန်းနိုင်ငံများအနေဖြင့်လည်း လူနှင့်ငွေကြေးစီးဆင်းမှု လမ်းကြောင်းများ ဖြတ်တောက်ပိတ်ဆို့နိုင်ရန် နယ်စပ်ဒေသ ထိန်းချုပ်ရေး အစီအမံများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညီလာခံဒုတိယနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၈ ရက် ၉ နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Vijavat isarabhakdi နှင့် UNODC ၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Delphine Schantz တို့က ရှေ့လုပ်ငန်းစဉ်များ (Ways Forward) ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်အား ပီရူး၊ ဘင်္ဂလားဒေ့ရှ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ နီပေါနှင့် Tik Tok ကုမ္ပဏီ စသည့် ပူးတွဲအဆိုရှင်များဖြင့် အတည်ပြုခဲ့ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






(၈၈)နှစ်မြောက် ကရင်နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရွှေဘုံသာရပ်ကွက်ရှိ မြို့မနှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ရာ ဘုတ်ပြင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# ပဲခူးခရိုင်အတွင်း ကျေးလက်လမ်း/တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၁၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုးသည် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကျော်လှုနှင့်အတူ ဒီဇင်ဘာ ၁၇ ရက်က ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အတွင်းရှိ ကျေးလက်လမ်း/တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု လုပ်ငန်းများအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့နယ်အတွင်း ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ (GRF) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရွှေတန် – ပြဟန်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် အဝိုင်း– ခုံတိုင်း – ကျိုက်ဒေယံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝေါမြို့နယ်ရှိ ဘုရားပျို – ကမာဘကန် – ကတွတ် – ညောင်ကိုင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ သနပ်ပင်မြို့နယ်ရှိ မကြက်စု – လောင်မီးလမ်း ဂဝံရောမြေခင်းခြင်း လုပ်ငန်းနှင့် ကဝမြို့နယ်ရှိ မုဒု–ရာဟုလမ်း ဂဝံရောမြေခင်းခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **သက်ထက်**

❖ *ကျော်ဖုန်းမှ*

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော် ထွန်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင် များ၊ မြန်မာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြ သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းသည် မြန်မာ အားကစားအသင်းမှ အုပ်ချုပ်မှု အဖွဲ့ဝင်များနှင့်အတူ နံနက်ပိုင်း တွင် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ရှိ The Royal Thai Navy Rowing and Canoeing Training Center, Rayong ၌ ကျင်းပလျက်ရှိသည့် ရိုးရာလှေလှော် အားကစားနည်း အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲနှင့် နဂါးလှေလှော် အမျိုးသား/အမျိုး သမီး ၁၀ တက်လှော် ၅၀၀ မီတာ ပြိုင်ပွဲများတွင် မြန်မာအသင်းမှ အားကစားသမားများ၏ ယှဉ်ပြိုင် နေမှုနှင့် ချွန်ဘူရီမြို့ရှိ Thai Polo & Equestrain Club Pattaya, Chonburi ၌ ကျင်းပလျက်ရှိသည့် မြင်းစီးအားကစားနည်း တစ်ဦး ချင်း လူရွေးပွဲပြိုင်ပွဲတွင် မြန်မာ အသင်းမှ စောမောင်နှင့် ကျော်ဝဏ္ဏအောင်တို့၏ ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို သွားရောက် ကြည့်ရှုအားပေးသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာ အားကစား အဖွဲ့ခေါင်းဆောင်၊ အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အုပ်ချုပ်မှု အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Indoor Stadium Huamark, Sports Authority of Thailand, Bangkok ၌ ကျင်းပလျက်ရှိသည့် ဘော်လီဘောပြိုင်ပွဲ အဆင့် (၅) လုပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်နေမှု ကို သွားရောက်ကြည့်ရှုအားပေး သည်။

မြန်မာအသင်းအနေဖြင့် ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ခရစ်ကတ် အားကစားနည်း အမျိုးသမီး T20i တတိယလုပွဲတွင် မြန်မာအသင်း နှင့် အင်ဒိုနီးရှားအသင်း၊ သေနတ် ပစ် အားကစားနည်း ၅၀ မီတာ ရိုင်ဖယ် အနေအထား သုံးမျိုး အမျိုးသားတစ်ဦးချင်း လက်ရည် စစ်ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် တွင် မြန်မာအသင်းနှင့် ဗီယက်နမ် အသင်း၊ ဘော်လီဘောပြိုင်ပွဲ အဆင့် (၅) လုပွဲတွင် မြန်မာ အသင်းနှင့် စင်ကာပူအသင်း၊ အပြည်ပြည်ဆိုင်ရာ လှေအားကစား နည်း အမျိုးသား၊ အမျိုးသမီး ကမ်းရိုးတန်း၊ ကမ်းခြေတစ်ယောက် လှော်(၂) တက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ နဂါးလှေ အမျိုးသား(၁၀) တက်လှော် ၅၀၀ မီတာပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် အမျိုးသား+ အမျိုးသမီး ပေါင်းစပ်လှော် (၂၀) တက် ၅၀၀ မီတာပြိုင်ပွဲ ဗိုလ်လုပွဲ၊ နပန်းအားကစားနည်း Men’s Freestyle – 57kg အုပ်စုပတ်လည် ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ Men’s Freestyle – 65kg အုပ်စုပတ်လည် ပြိုင်ပွဲနှင့် ဗိုလ်လုပွဲ၊ မြင်းစီး အားကစားနည်း တစ်ဦးချင်း လူရွေးပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများ တွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည်။










ရိုးရာလှေလှော် အားကစား နည်း နဂါးလှေလှော်အမျိုးသား (၁၀) တက်လှော် ၅၀၀ မီတာပြိုင်ပွဲတွင် တင်ကိုကို၊ ပြည့်စုံအောင်၊ ယုယ မောင်၊ ထွန်းထွန်းလင်း၊ စောနိုင် လင်းကျော်၊ ဝေယံဦး၊ ကျော်စွာ ဝင်း၊ စောကောင်းကောင်းစံ၊ ဇော်ဇော်ထွန်း၊ စောအယ်ထီးဂေါ်၊ ထွန်းသက်ဇော်၊ ထန်လျှန်းကျင့်၊ စိုင်းမင်းမော်နှင့် ထက်ဝေဖြိုးတို့ အတွဲက ကြေးတံဆိပ်ဆု တစ်ခု၊ အမျိုးသမီး (၁၀) တက်လှော် ၅၀၀ မီတာပြိုင်ပွဲတွင် လှလှထွေး၊ ဝင်းဝင်းထွေး၊ စိုးစိုးကျော်၊ စန်းစန်း မိုး၊ သီတာဦး၊ မာန်ဟွဲ့ဖောင်၊ ဖြူဖြူအောင်၊ နော်ထဲဆိုဖော၊ အိအိချော၊ နွေးအိဖြူ၊ သဉ္ဇာမြင့်ဇွန်၊ လင်းလင်းကျော်၊ ချိုချိုလွင်နှင့် နွယ်နီဝင်းတို့အတွဲက ကြေးတံဆိပ် ဆု တစ်ခု စုစုပေါင်း ကြေးတံဆိပ် ဆု နှစ်ခု ထပ်မံဆွတ်ခူးရယူပေးနိုင် ခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် ကြေး တံဆိပ်ဆု သုံးခု ဆွတ်ခူးရရှိခဲ့သည့် နဂါးလှေလှော် အားကစားနည်း အမျိုးသား၊ အမျိုးသမီးအသင်းမှ အားကစားသမားများနှင့် ယမန် နေ့ ပြိုင်ပွဲပွဲစဉ်ဖြစ်သည့် မြင်းစီး အားကစားနည်း Eventing Dreassage, Show Jumping & Cross Country အားကစားနည်း သုံးမျိုးပါသည့် ပြိုင်ပွဲတွင် ကြေး တံဆိပ်ဆု တစ်ခုရရှိခဲ့သည့် မြန်မာ အသင်းမှ သန်းနိုင်အောင်၊ စောမောင်နှင့် နန်းကိုဝင်းတို့ အတွဲ ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လှေလှော် အားကစားနည်း အမျိုးသား ကမ်းရိုးတန်း၊ ကမ်းခြေတစ်ယောက် လှော်(၂) တက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းမှ ဝေယံမိုးနှင့် ထိုင်း အသင်းမှ အားကစားသမားတို့ ယှဉ်ပြိုင်လှော်ခတ်ခဲ့ရာ မြန်မာ အသင်းမှ ဝေယံမိုးက ငွေတံဆိပ် ဆုကို ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့ ပြီး ယမန်နေ့ ပြိုင်ပွဲပွဲစဉ်များဖြစ် သည့် လက်ဝှေ့အားကစား နည်း ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ထားထားနွယ်က ကြေးတံဆိပ်ဆု တစ်ခု၊ ၆၆ ကီလိုတန်းပြိုင်ပွဲတွင် ကေသွယ်ငြိမ်းက ကြေးတံဆိပ် ဆု တစ်ခု၊ ၅၀ ကီလိုတန်းပြိုင်ပွဲတွင် မြမိုးသူက ကြေးတံဆိပ်ဆု တစ်ခု ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ဆုမြတ် နိုးက ကြေးတံဆိပ်ဆု တစ်ခု စုစုပေါင်း ကြေးတံဆိပ်ဆု လေးခု တို့ကို အသီးသီး ထပ်မံဆွတ်ခူးရယူ ပေးနိုင်ခဲ့သည်။

## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၉-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၂၃၂ | ၁၅၄ | ၁၀၆ | ၄၉၂ |
| ၂ | အင်ဒိုနီးရှား | ၉၁ | ၁၁၁ | ၁၂၉ | ၃၃၁ |
| ၃ | ဗီယက်နမ် | ၈၆ | ၇၉ | ၁၁၀ | ၂၇၅ |
| ၄ | မလေးရှား | ၅၆ | ၅၇ | ၁၁၆ | ၂၂၉ |
| ၅ | စင်ကာပူ | ၅၂ | ၆၀ | ၈၆ | ၁၉၈ |
| ၆ | ဖိလစ်ပိုင် | ၅၀ | ၇၃ | ၁၅၃ | ၂၇၆ |
| ၇ | မြန်မာ | ၃ | ၂၁ | ၄၆ | ၇၀ |
| ၈ | လာအို | ၂ | ၉ | ၂၇ | ၃၈ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၅ | ၉ |
| ၁၀ | တီမော | ၀ | ၁ | ၇ | ၈ |

(၃၃)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ၏ ဒီဇင်ဘာ ၁၉ ရက် ပြိုင်ပွဲများအပြီး တွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၂၁ ခု၊ ကြေးတံဆိပ် ၄၆ ခု စုစုပေါင်း ဆုတံဆိပ် ၇၀ ခုတို့ဖြင့် နိုင်ငံ အလိုက်အဆင့် ၇ တွင် ဆက်လက် ရပ်တည်လျက်ရှိကြောင်း သိရ သည်။ **သတင်းစဉ်**




## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆု၊ ကြေးတံဆိပ် သုံးဆုရရှိခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့၊ ရွက်လှေအားကစားအဖွဲ့နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက် မြို့၌ ကျင်းပသည့် (၃၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် ပိုက်ကျော်ခြင်း အားကစားနည်းမှ အမျိုးသား(၄) ယောက်တွဲ ပြိုင်ပွဲတွင် ငွေတံဆိပ် ဆုရရှိသော ဇင်မင်းဦး၊ အောင်မျိုး ကျော်၊ သန့်ဇင်ထွန်း၊ ဇော်မင်းခန့်၊ ရိန်းဝဏ္ဏဇော်၊ ရန်ပိုင်ဦးတို့အတွဲ၊ အမျိုးသမီး(၄) ယောက်တွဲပြိုင်ပွဲ တွင် ကြေးတံဆိပ်ဆု ရရှိသော ဖြူဖြူသန်း၊ ဖူးဖူး၊ နေခြည်နွေး၊ ယမုံဇင်၊ ခင်နှင်းဝေ၊ ချယ်ရီလင်း သစ်တို့ အတွဲ၊အမျိုးသား၊ အမျိုး သမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိသော ရိန်း ဝဏ္ဏဇော်၊ ဇင်မင်းဦး၊ ဇော်မင်းခန့်၊ ဖြူဖြူသန်း၊ ဖူးဖူး၊ နှင်းနှင်းဝေ တို့အတွဲ၊ ရွက်လှေအားကစား နည်းမှ အမျိုးသားBoy's ILCA4 ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိ သော ခွန်ထွန်းဦးတို့နှင့်အတူ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့သော အားကစား အဖွဲ့ဝင်များသည် ယနေ့ ညနေပိုင်းတွင် အပြည်ပြည် ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI)ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အားကစား သမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြကြောင်း သိရ သည်။ **သတင်းစဉ်**

# ဂျပန်မြို့တော်အောက် အင်အားပြင်းငလျင်ကြောင့် လူပေါင်း ၈ ဒသမ ၄ သန်းခန့် နေရပ်မပြန်နိုင်ဘဲ သောင်တင်နိုင်ကြောင်း ခန့်မှန်း

**တိုကျို ဒီဇင်ဘာ ၁၉**
ဂျပန်နိုင်ငံမြို့တော်အောက်ရှိ အင်အားပြင်းငလျင်တစ်ခုကြောင့် လူပေါင်း ၈ ဒသမ ၄ သန်းခန့် နေရပ်မပြန်နိုင်ဘဲ သောင်တင်နိုင်ကြောင်း ဂျပန်အစိုးရက ခန့်မှန်းထားသည်။

အစိုးရ၏ခန့်မှန်းမှုတွင် တိုကျိုနှင့် အိမ်နီးချင်းပြည်နယ်များဖြစ်သည့် ကာနာဂါဝါ၊ ချီဘာ၊ ဆိုင်တာမာနှင့် အီဘာရာကီတို့ပါဝင်သည်။ တိုကျိုမြို့တစ်ခုတည်းတွင် လူပေါင်း ၄ ဒသမ ၈ သန်းခန့် သောင်တင်လျက်ရှိမည်ဟု အစိုးရက ပြောသည်။

အခြားခရိုင်ငါးခုတွင် လူဦးရေ ၁ ဒသမ ၆ သန်းခန့်စီ နေစရာနေရာများမရှိသေးကြောင်း အစိုးရက ဆက်လက်ပြောကြားသည်။

**ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားနိုင်**

လူတိုင်းမိမိနေအိမ်သို့ တစ်ချိန်တည်း ပြန်မည်ဆိုပါက ယာဉ်ကြောပိတ်ဆို့မှုများနှင့် အခြားအရေးပေါ်ကိစ္စရပ်များ ဖြစ်ပွားနိုင်ကြောင်း၊ ထို့အပြင် လမ်းသွားလမ်းလာများ လမ်းမအပြည့်သွားလာပါက အရေးပေါ်ယာဉ်များအတွက် အနှောင့်အယှက်ဖြစ်နိုင်ကြောင်း အစိုးရ၏ ခန့်မှန်းမှုတွင် ဆက်လက်ဖော်ပြထားသည်။

**ဆိုးကျိုးများပိုမိုဖြစ်ပေါ်နိုင်**

တိုကျိုတက္ကသိုလ် ပါမောက္ခဟီရိုအိယုက သဘာဝဘေးအန္တရာယ်များ အမှန်တကယ်ဖြစ်ပေါ်လာပါက ခန့်မှန်းထားသည်ထက် ဆိုးကျိုးများ ပိုမိုဖြစ်ပေါ်နိုင်ကြောင်း၊ ဘေးကင်းလုံခြုံသည့်နေရာတွင် နေထိုင်သူများအတွက် အခြေခံစည်းမျဉ်းမှာ အိမ်ကို တစ်ချိန်တည်းမပြန်ဘဲ ဖြည်းဖြည်းချင်းစီခွဲပြန်ရန်လိုကြောင်း ၎င်းက ပြောသည်။

**ဘေးအန္တရာယ်ကင်းရေး အရေးကြီး**

ဘေးအန္တရာယ်ကင်းရေးသည် အရေးကြီးသည်ဟု ဟီရိုအိက ပြောသည်။ ထို့အပြင် အမျိုးမျိုးသောနည်းလမ်းများမှတစ်ဆင့် သတင်းအချက်အလက်များကို ရယူသင့်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



# အင်ဒိုနီးရှားနိုင်ငံက ရေဘေးသင့်ပြည်သူများအတွက် အမြဲတမ်းအိမ်ရာများ ဆောက်လုပ်ပေးမည်

**ဂျကာတာ ဒီဇင်ဘာ ၁၉**
အင်ဒိုနီးရှားနိုင်ငံသည် ဆူမားတြားရှိ ရေဘေးသင့်ပြည်သူများအတွက် ယာယီအိမ်ရာများ ဆောက်လုပ်လျက်ရှိရာ အမြဲတမ်းနေအိမ်များကိုလည်း ဆောက်လုပ်သွားမည်ဟု သမ္မတပရာဘိုဝိုဆူဘီအန်တိုက ပြောသည်။

ယာယီအိမ်ရာများ စတင်ဆောက်လုပ်နေသည်ကို တွေ့ရသည်မှာ ကျေနပ်ဝမ်းသာမိကြောင်း ၎င်းက ပြောသည်။ တစ်လအတွင်း ပြီးစီးမည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တဲများနှင့် နေထိုင်စရာမလိုတော့ဟု ၎င်းက ဆက်ပြောသည်။

ယာယီအိမ်ရာများ ဆောက်လုပ်ပြီးစီးသွားသည့်နောက် အမြဲတမ်းအိမ်ရာများကို ဆက်လက်တည်ဆောက်သွားမည်ဟု ပရာဘိုဝိုက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ပြန်လည် ကောင်းမွန်လာစေရန် အစိုးရက သဘာဝဘေးဒဏ်သင့်ဒေသများတွင် ဘေလီတံတား ၃၅ စင်း အမြန်တည်ဆောက်နိုင်ရေး ဆောင်ရွက်နေကြောင်းလည်း ၎င်းက ဆက်ပြောသည်။

အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီ၏ ပြောကြားချက်အရ အာချေး၊ မြောက်ဆူမားတြားနှင့် အနောက်ဆူမားတြားတို့တွင် ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု သိရသည်။

သဘာဝဘေးကြောင့် နေအိမ် ၁၄၇၀၀၀ ဝန်းကျင် ပျက်စီးကာ လူပေါင်း ၅၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ **ဆင်ဟွာ**



မြောက်ဆူမားတြားရှိ ပျက်စီးနေသည့် နေအိမ်များကို ဒီဇင်ဘာ ၃ ရက်က တွေ့ရစဉ်။

# မလေးရှားနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကြောင့် လူပေါင်းသောင်းနှင့်ချီကာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၉**
မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၁၈ ရက်အထိ ရေကြီးနစ်မြုပ်မှုဖြစ်ပွားသဖြင့် လူပေါင်း ၁၃၀၀၀ ကျော် နေရာပြောင်းရွှေ့ခဲ့ရကြောင်း နိုင်ငံ၏ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်ထားသည်။

မလေးရှားနိုင်ငံ၌ Pahang ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားရကာ ဒေသစံတော်ချိန် ည ၉ နာရီအထိ ပြည်နယ်ခြောက်ခုရှိ ရေဘေးသင့်ပြည်သူများမှာ ရေဘေးကယ်ဆယ်ရေးစင်တာများတွင် နေထိုင်ရကြောင်း အဆိုပါဌာနက ပြောကြားသည်။

အစိုးရ၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ပြောကြားသည်။

ယခု အခြေအနေများကို ဆက်လက်၍ အနီးကပ် စောင့်ကြည့်သွားမည်ဖြစ်ပြီး အကူအညီများကိုလည်း တတ်နိုင်သမျှ အလျင်အမြန် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ ဆိုးရွားသည့် မိုးလေဝသအခြေအနေကို မိုးလေဝသဌာနက သတိပေးထုတ်ပြန်ထားသည်။ **ဆင်ဟွာ**



# နိုဝင်ဘာလအတွင်း မကာအိုသို့ ခရီးသည် ၃ ဒသမ ၃၄ သန်း ကျော် လာရောက်

**မကာအို ဒီဇင်ဘာ ၁၉**
၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း မကာအိုသို့ ခရီးသည်ဝင်ရောက်မှုမှာ ၃၃၄၅၆၈၃ ဦးရှိကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယမန်နှစ်ကထက် ၁၈ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း စာရင်းအင်းနှင့် သန်းခေါင်စာရင်းဌာန (ဒီအက်စ်အီးစီ) က ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။

မကာအိုသို့ နေ့တွင်းချင်း လာရောက်လည်ပတ်သူ ၂၀၃၅၅၅၅ ဦးရှိရာ ယမန်နှစ်ကထက် ၃၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ညအိပ်ခရီးလာရောက်လည်ပတ်သူ ၁၃၁၀၁၂၈ ဦးရှိရာ ၂ ဒသမ ၁ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ပထမ ၁၁ လအတွင်း မကာအိုသို့ လာရောက်လည်ပတ်သူစုစုပေါင်းမှာ ၃၆ ဒသမ ၄၉ သန်းခန့်ရှိရာ ယမန်နှစ်ကထက် ၁၄ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ **ဆင်ဟွာ**

# ယီမင်နိုင်ငံ၌ ကုလသမဂ္ဂဝန်ထမ်း ၁၀ ဦးကျော် ဟူသီတို့က ထပ်မံဖမ်းဆီး

**ဆာနား ဒီဇင်ဘာ ၁၉**
ယီမင်နိုင်ငံ ဆာနားမြို့၌ ဟူသီအုပ်စုက ကုလသမဂ္ဂမှ နောက်ထပ်ဝန်ထမ်း ၁၀ ဦးကျော်ကို ဖမ်းဆီးခဲ့သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က ဒီဇင်ဘာ ၁၈ ရက်တွင် ပြောသည်။

ထို့ကြောင့် ယီမင်နိုင်ငံ၌ ဟူသီအုပ်စု ဖမ်းဆီးခြင်းခံရသည့် ကုလသမဂ္ဂဝန်ထမ်း စုစုပေါင်းမှာ ၆၉ ဦးအထိ ရှိလာသည်။ ဟူသီအုပ်စုက ကုလသမဂ္ဂဘေးကင်းရေးနှင့်လုံခြုံရေးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့တွင် လုပ်ကိုင်နေသည့် ယီမင်ဝန်ထမ်းလေးဦးကို ဖမ်းဆီးသွားခဲ့ကြောင်း ဆာနားရှိ ကုလသမဂ္ဂဝန်ထမ်းတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

ဟူသီအုပ်စုသည် ၎င်းတို့ကိုမဖမ်းဆီးမီ ၎င်းတို့နေထိုင်ရာအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဟူသီအုပ်စုဘက်က မည်သည့်မှတ်ချက်မျှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိချေ။ ယီမင်နိုင်ငံ၌ ကုလသမဂ္ဂဝန်ထမ်းများ ဖမ်းဆီးခံရမှုအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ရှုတ်ချပြောဆိုခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယခုလို ဖမ်းဆီးခံရခြင်းဖြစ်သည်။

ကုလသမဂ္ဂမှ ဝန်ထမ်း ၅၉ ဦးနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် သံတမန်လုပ်ငန်းများမှ ပုဂ္ဂိုလ်များ ဖမ်းဆီးခံရခြင်းကို ရှုတ်ချကြောင်း၊ ၎င်းတို့အား အကန့်အသတ်မရှိ ချက်ချင်းပြန်လွှတ်ပေးရေးအတွက် တိုက်တွန်းလိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဒီဇင်ဘာ ၁၇ ရက်တွင် သတင်းထောက်များကို ပြောသည်။ ဆာနားမြို့နှင့် ယီမင်နိုင်ငံမြောက်ပိုင်း ပြည်နယ်အများစုသည် ၂၀၁၄ နှစ်ကုန်ပိုင်းမှစတင်၍ ဟူသီအုပ်စု၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ သို့သော်လည်း ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများစွာသည် ဆာနားမြို့တွင် ၎င်းတို့၏ ရုံးများကို ဆက်လက်လည်ပတ်ဆဲဖြစ်သည်။ **ဆင်ဟွာ**



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း(၃)မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၂ လုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ နှစ်လုံး၊ စုစုပေါင်း လေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၂ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ထိုင်းနိုင်ငံသား ငါးဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။



တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံအား ရှင်းလင်းစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံ။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံ ရှစ်လုံး၊ နှစ်ထပ်အဆောက်အအုံသုံးလုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၁၉ - ၁၂ - ၂၀၂၅ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

**ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

**၁၉ - ၁၂ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁ | ၈၆၀၀ |
| MTSH | ၃၆၀၀ | ၃၆၅၀ | ၁၆၉ | ၆၀၉၃၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၃၀ | ၁၀၄၀၀၀၀ |
| FPB | ၂၄၀၀ | ၂၃၅၀ | ၂၃၈၆ | ၅၆၂၃၉၅၀ |
| TMH | ၃၁၀၀ | ၃၁၀၀ | ၃၄ | ၁၀၅၄၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၁၁၇၂ | ၁၈၉၃၈၀၀ |
| AMATA | ၃၇၅၀ | ၃၈၅၀ | ၅၃ | ၁၉၉၁၀၀ |
| MAEX | ၃၀၅၀ | ၃၁၀၀ | ၂၅၉၀ | ၇၉၁၅၂၀၀ |

■ *ကျော့ဖုံးမှ*

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၃ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကန့်ဘလူ-စံပယ်နံ့သာကားလမ်း မိုင်တိုင်အမှတ် ၇ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြားရှိ တံတားအရှည် ပေ ၃၀၊ အကျယ် ၂၇ ပေခန့်ရှိ သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုကြောင့် တံတားကြမ်းခင်း နှစ်ပေ ပတ်လည်ခန့်ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာမှုမရရှိစေရန် တံတားအား သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားကြောင်း သိရှိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တံတားပျက်စီးမှုအား ပြုပြင်ကြပြီး ပိတ်ဆို့ထားသည့် သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် တံတားပြုပြင်ခြင်းလုပ်ငန်းများပြီးစီးခဲ့ပြီး လူနှင့်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြင့်စိုး(နတလ) ခရီးသွားနေသည်

မြင့်စိုး(နတလ)

**စစ်သူကြီးမဟာဗန္ဓုလ၏ ဂူဗိမာန်**

ရုပ်ရှင်မင်းသား ကိုလွင်မိုး၏ စကားကို ခေတ္တငှားသုံးရလျှင် ကျွန်တော် မြင့်စိုး(နတလ) ခရီးသွားနေပါသည်။ သည်ဘက်နှစ်တွေမှာ ခနုဖြူမြို့ကို ကျွန်တော် မကြာခဏဖြတ်ဖြစ်ခဲ့၏။ ခနုဖြူမြို့က ကြိုဆိုပါသည် ဆိုင်းဘုတ်ကိုမြင်တိုင်း က နှင့် မှ ကိုကွဲပြားအောင် ညွှန်ပြသွားခဲ့သော ဆရာကြီးမောင်ခင်မင် (ခနုဖြူ)အား ကျေးဇူးတင်စွာ အမှတ်ရမိပါသည်။ ခနုဖြူမြို့ကို ဖြတ်တိုင်းလည်း လွန်ခဲ့သောနှစ်ပေါင်း (၅၀) ခန့်က ရောက်ဖူး မြင်ဖူးခဲ့သည့် စစ်သူကြီး မဟာဗန္ဓုလ၏ အုတ်ဂူကို ပြန်လည် ကြည့်ရှုဂါရဝပြုလိုစိတ်တွေ တဖွားဖွား ပေါ်ပေါက်ခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀) ဟု ပြောရသည်ကတော့ ကျွန်တော် ပထမအကြိမ် ရောက်ခဲ့သည်မှာ ကိုးတန်း ကျောင်းသားဘဝ ၁၉၇၅ ခုနှစ်ဖြစ်သည်။ လေးမျက်နှာ(မြို့ဟောင်း) ပရဟိတကျောင်းမှာ နေထိုင်၍ ပညာသင်ကြားနေစဉ် ကျေးဇူးရှင် ဆရာတော်ကြီး ဦးဇောတိပါလ၏ တရားပွဲများကို အကြောင်းပြုလျက် ကပ္ပိယကျောင်းသားအဖြစ် လိုက်ပါရင်း ခနုဖြူ၊ ကျုံတနီး၊ ကျုံပျော် အစရှိသော မြို့ရွာများသို့



ဆရာတော်ကြီး ဘဒ္ဒန္တဥတ္တရ၏ ရုပ်ကလာပ်ပူဇော်ထားရှိသော စံကျောင်းတော်။

ရောက်ဖူးခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ခနုဖြူခံတပ်သည်လည်းကောင်း၊ စစ်သူကြီး မဟာဗန္ဓုလကျဆုံးသွားသော နေရာသည်လည်းကောင်း ဧရာဝတီမြစ် ကမ်းပြိုသည့်ဒဏ်ကို မခံရသေးဘဲ လွတ်လွတ်ကင်းကင်း ရှိနေသေးသည့် အနေအထားဖြစ်သည်။ ယခုနှစ်ပေါင်း (၅၀)ကြာမှ မြင်ခဲ့ရသည့် မြင်ကွင်းတို့သည်ကား ယခင်နှင့်မတူတော့ပြီ။ ခံတပ်မြို့ရိုးဟောင်းတစ်ခုသာ ဧရာဝတီမြစ်ရှိရာသို့ ဦးတည်လျက် ကျန်ရှိနေသည်။ သဒ္ဓမ္မဇောတိကရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်ဝင်းအတွင်းရှိ စစ်သူကြီး မဟာဗန္ဓုလ၏ ဂူဗိမာန်ကို ပြုပြင်တည်ဆောက်ထားကြောင်း တွေ့ရသည်။ ဂူထိပ်ရှိ စကျင်ကျောက်တိုင်လေးမှာ ရေးထိုးထားသည်ကတော့ "ခရာဇ် သက္ကရာဇ် ၁၈၂၅ ခု ဧပြီလ ၁ ရက်နေ့တွင် မဟာဗန္ဓုလစစ်သူကြီးသည် ရန်သူ့ လက်နက်ဘုံးဆန်ချက်ကြောင့် မကြာ တခဏ ဤဌာနၡ အနိစ္စသဘောသို့ ရောက်လေသည်" ...တဲ့။

**စစ်သူကြီးမဟာဗန္ဓုလ၏ အတ္ထုပ္ပတ္တိအကျဉ်း**

ဂူဗိမာန်ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ထိုစဉ်က ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သည်ဟု ဖော်ပြထားပြီး အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း ယခင်အဟောင်းမှ ပြန်လည်ကူးယူဖော်ပြထားကြောင်း အသစ်၊ အဟောင်း နှစ်ချပ်ယှဉ်တွဲ၍ တွေ့ခဲ့ရသည်။ မှတ်တမ်းဟောင်း၏ အောက်ဆုံးမှာ ဖော်ပြထားသည်ကတော့ ယခု ကျောက်ရုပ်ကို မြန်မာသက္ကရာဇ် ၁၃၁၈ ခု၊ ပြာသိုလတွင် သဒ္ဓမ္မဇောတိကရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက် တာဝန်ဆောင်ပုဂ္ဂိုလ်



လေးမျက်နှာမြို့နယ် ကတက်ကုန်းကျေးရွာရှိ လာဘဒိဿစေတီတော်။

ဦးအောင်စိန်က ကြီးမှူး၍ ဆောက်လုပ်ခဲ့သည်ဟူ၏။ လက်ပိုက်ထားသော ဗန္ဓုလကျောက်ရုပ်၏ သက်တမ်းကပင် နှစ်ပေါင်း (၇၀) နီးပါး ရှိနေပါပကော။

စစ်သူကြီးမဟာဗန္ဓုလ၏ သမိုင်းအကျဉ်းကို လိုက်လံဖတ်ရှုရင်း စိတ်အစဉ်က လေးမျက်နှာမြို့နယ် အနောက်ဘက်ခြမ်းရှိ အလကလှော်ကထားကျောင်း (ယခုအထက) သို့ ပြန်လည်ရောက်ရှိသွားပြီး ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလရင်ထိုးတံဆိပ် ဝါစိမ်းနီပြာလေးတွေ တပ်ခဲ့ရတာ၊ အသင်းလိုက်ဘောလုံးပြိုင်ပွဲမှာ ဆရာဦးမောင်ဝင်း ဦးဆောင်သော ကျွန်တော်တို့ အလောင်းဘုရားဘောလုံးအသင်းက ဆရာဦးမြင့်သိန်းဦး၏ ဗန္ဓုလအသင်းကို ရှုံးခဲ့တာတွေကအစ တသီတတန်းကြီး ပေါ်လာပါတော့သည်။ မှတ်တမ်းမှာ ဖော်ပြထားသည်ကတော့ မဟာဗန္ဓုလကို အောက်ချင်းတွင်းခရိုင် ဒီပဲယင်းရွာနေ လယ်သမားကြီး ဦးပေါက်တော၊ ဒေါ်ငြိမ်းတို့မှ မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက် (တနင်္လာနေ့)တွင် ဖွားမြင်ပြီး ငယ်မည် မောင်ရစ်ဟု ခေါ်ကြောင်း၊ ၁၁၈၃ ခုနှစ်တွင် နန်းတက်သည့် အင်းဝပြည့်ရှင် ဘကြီးတော်ဘုရား (အိမ်ရှေ့စံစစ်ကိုင်းမင်းသားဘဝဖြင့် ရှိနေစဉ်) လက်ထက်ကတည်းက အမှုတော်ထမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ ဤနေရာသို့အရောက်တွင်မူ ဖျတ်ခနဲ မိမိတို့မွေးရပ်မြေ လေးမျက်နှာမြို့လေးအတွက် ကြံဖန်ပြီး ဂုဏ်ယူစရာ အချက်တစ်ချက်ကို သွား၍တွေ့ရသည်။ လေးမျက်နှာမြို့နယ် မြင်းကကုန်း (မြင်းကုန်း) ဇာတိဖွား ပထမထွဋ်ခေါင် ဆရာတော်ကြီးသည်ဘိုးတော်မင်းတရားကြီး၏ မိဖုရားခေါင်ကြီး ရတနာဒေဝီက ကိုးကွယ်ခဲ့သလို ဒုတိယထွဋ်ခေါင် ဆရာတော်ကြီးသည်လည်း စစ်ကိုင်းမင်းသား ဘကြီးတော်မင်း၏ မိဖုရား ရှင်မင်းနု (ခေါ်) မယ်နုက ကိုးကွယ်ခဲ့ရာ စစ်သူကြီး မဟာဗန္ဓုလသည်လည်း ထွဋ်ခေါင်ဆရာတော်ကြီးနှင့် ပဋ္ဌာန်းရေစက်ရှိခဲ့ ဆုံခဲ့လိမ့်မည်ဟူ၍။

ဆက်လက် ဖော်ပြထားသည်မှာ စစ်သူကြီးမဟာဗန္ဓုလသည် သတ္တိ ဗျတ္တိနှင့်ပြည့်စုံသော အာဇာနည်ယောကျ်ားကောင်းဖြစ်၍ ရဲတိုက်သံတော်ဆင့်၊ အလုံမြို့ဝန်၊ မဟာဗန္ဓုလ ရာထူးများကို ရရှိခဲ့ပြီးနောက် ကျွန်နေမျိုး၊ သားသတိုးဟူ၍ ပေးရိုးထုံးစံကိုပင် ပယ်လျက် "အဂ္ဂမဟာ သေနာပတိဝန်ကြီး သတိုးသုဓမ္မ မဟာဗန္ဓုလ" သူရဲကောင်းဘွဲ့ကို ချီးမြှင့်ခြင်းခံရကြောင်း၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အာသံပြည် ဘင်္ဂလားနယ်စပ်အထိ နှစ်နှစ်နီးပါး တိုက်ခိုက်ခဲ့ရာ အာရှတိုက်အတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲများအနက် အင်္ဂလိပ်တို့ အကျအဆုံး အများဆုံးဖြစ်ခဲ့သည့် တိုက်ပွဲများ ဖြစ်ကြောင်း၊ ခနုဖြူမြို့တွင် ရှေးတလိုင်းမင်းတို့၏ ခံတပ်ဟောင်းမြို့ရိုးနေရာမှ ခုခံတိုက်ခိုက်ရာ အင်္ဂလိပ်တို့က မြို့ရိုးခံတပ်၏မြောက်ဘက် ရွှေရောင်ပြဘုရားကုန်း၌ တပ်စွဲပြီး အမြောက်ဗုံးဆန်များ ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း၊ စစ်သူကြီး မဟာဗန္ဓုလသည် မြို့ရိုးခံတပ်၏ အနောက်မြောက်ကျုံးအနီး ကြက်တိုက်ကုန်း၌ ရန်သူ့ဗုံးဆန်သင့်၍ သက္ကရာဇ် ၁၁၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့ နံနက် ၁၀ နာရီအချိန် ကျဆုံးခဲ့ကြောင်း၊ ကျဆုံးချိန်တွင် အသက် ၄၂ နှစ် အရွယ်သာရှိသေးကြောင်း ရေးထိုးဖော်ပြထားပါသည်။

**ပန်းခြံထဲက မတူကွဲပြားရက်စွဲများ**

ခနုဖြူခံတပ်ဟောင်း နေရာသို့ သွားရောက် လေ့လာကြည့်ရှုပြီးသော အခါ ပန်းတာအဆင်း လှေကားလေး အတိုင်းဆင်းသွားပြီး ခပ်လှမ်းလှမ်းက မဟာဗန္ဓုလပန်းခြံသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ပါသည်။ သမိုင်းမှတ်တမ်းအထောက်အထားများအရ ခနုဖြူခံတပ်သည် ဧရာဝတီမြစ်ကမ်းဘေးတွင် အလျား တစ်မိုင်ခန့်၊ အကျယ် ကိုက် ၅၀၀ နှင့် ကိုက် ၈၀၀ ကြား ကျယ်ဝန်းခဲ့ကြောင်း သိရသည်။ ပါဠိတက္ကသိုလ်ကျောင်းဝင်းအတွင်း ၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အုတ်ဂူတည်ဆောက်ခဲ့ကြောင်း၊ စစ်သူကြီး မဟာဗန္ဓုလကို ဂုဏ်ပြုသောအားဖြင့် မြင်းစီးရုပ်တုနှင့် ပန်းခြံအား ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တည်ဆောက်ခဲ့ကြကြောင်း သိရသည်။ လက်ရှိ ပန်းခြံအတွင်း မြင်ကွင်းမှာ သစ်ပင်လေးများ စီစီရီရီဖြင့် သာသာယာယာရှိနေပါသည်။ ထိုင်ခုံလေးများကို မိုးထားသော အမိုးမှာ ဗန္ဓုလစစ်သူကြီး ဆောင်းခဲ့သော ခမောက်ပုံသဏ္ဌာန် ပြုလုပ်ထား၏။ ဗန္ဓုလမြင်းစီးရုပ်တုတွင် ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာဗန္ဓုလဟု ရေးထိုးထားလေရာ ရခိုင်သို့ချီခါနီး ပဉ္စမမြောက်ရရှိသောဘွဲ့အမည် ဖြစ်ပေလိမ့်မည်။ ရုပ်တုရှေ့မျက်နှာစာမှာ ကပ်ထားသော ကမ္ဗည်းမော်ကွန်းကျောက်ပြားကို ဖတ်ကြည့်လိုက်သောအခါ စစ်သူကြီး မဟာဗန္ဓုလ၏ မွေးဖွား၊ ကျဆုံးရက်စွဲများ ကွဲလွဲနေကြောင်း တွေ့ရပါသည်။

ပါဠိတက္ကသိုလ် ဝင်းအတွင်းရှိ ဂူဗိမာန်တွင် တွေ့ခဲ့ရသော မွေးဖွားရက်စွဲမှာ ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက် ဖြစ်ပြီး ပန်းခြံထဲက မှတ်တမ်းတွင် တန်ဆောင်မုန်းလဆန်း ၉ ရက် ဖြစ်နေပါသည်။ ကျဆုံးရက်စွဲမှာလည်း ဂူဗိမာန်တွင် ၁၁၈၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့ဖြစ်ပြီး ပန်းခြံထဲမှာ လဆန်း ၁၄ ရက်နေ့ ဖြစ်နေပါသည်။

*စာမျက်နှာ ၁၇ သို့*

> **"ကျွန်တော့်မွေးရပ်မြေ လေးမျက်နှာမြို့နယ်အတွင်းရှိ အချို့ကျေးရွာအုပ်စုများမှာ တည်ငြိမ်အေးချမ်းရန် လိုအပ်နေပါသေးသည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေး စသည်တို့အတွက် တာဝန်ရှိသူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်နေ့မှာ ရှေးယခင်ကအတိုင်း အေးချမ်းရမည်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။ စိုက်ပျိုးရေးကအစ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရမည်။ မလွဲမသွေ လုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်သည်။ တိုင်းရောဒေသကြီးအတွင်းက မွေးရပ်မြေ လေးမျက်နှာ ထာဝရ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း"**



ကတက်ကုန်းကျေးရွာတွင် စိုက်ပျိုးထားသော ကြွေးကျေးမျိုး အထွက်တိုး မြေပဲခင်းများ။

# အခြေခံပညာအထက်တန်းကျောင်း(ရွာသစ်)၌ RCC နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**အိမ်မဲ ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာရှိအခြေခံပညာ အထက်တန်းကျောင်း (ရွာသစ်) ပေ(၁၃၀ x ၃၀) RCC နှစ်ထပ်ကျောင်း ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်း၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် လေတပ်စခန်းဌာနချုပ်မှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ဆရာ ဆရာမများအတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားပြီး မြန်မာ့ကျောင်း၊ ဇာတိမာန်သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုငွေများပေးအပ်သည်။

ထို့နောက် အဆိုပါကျောင်းဆောင်သစ်ကိုတာဝန်ယူတည်ဆောက်ပေးသော မဟာနန်းတော်ဝင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ပြီး ရွာသစ်ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**





## လှိုင်းဘွဲ့မြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့(က)ရပ်ကွက် ကရင်နှစ်သစ်ကူးကွင်း၌ ကျင်းပသည်။

ဦးစွာ ကရင်လူငယ်များက ကရင်အမျိုးသား အလံတော်အား သယ်ဆောင်ကာ ကရင်အမျိုးသားသီချင်းဖြင့် သီဆို၍ အလံအား တိုင်ထိပ်သို့ လွှင့်ထူကာ အခမ်းအနား ဖွင့်လှစ်ခဲ့ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းအောင်က ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာအားဖတ်ကြားသည်။

ထို့နောက် ကရင်လူငယ်မောင်မယ်များက ကရင်နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို စကောကရင်၊ ပိုးကရင်နှင့် မြန်မာဘာသာတို့ဖြင့် အသီးသီး ဖတ်ကြားခဲ့ပြီး ကရင်လူငယ်မောင်မယ်များက ကရင်ရိုးရာဒုံးအကဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၆ မှ*

တောင်ပေါ်နှင့် တောင်အောက်သာခြားသော တစ်မြို့တည်း တစ်နေရာတည်းမှာ ရက်စွဲတွေ ကွဲလွဲနေတာတော့ မဖြစ်စေချင်ပါ။ မှတ်တမ်းအထောက်အထားများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး တာဝန်ရှိသည့် ဌာနများက တည့်မတ်ကူညီဆောင်ရွက်ပေးစေလိုပါသည်။

### ကြွေးကျေမျိုးဟု ခေါ်ပါသည်

ဓနုဖြူမှတစ်ဆင့် ဇလွန်နှင့် ဟင်္သာတကိုဖြတ်ပြီး မွေးရပ်မြေ လေးမျက်နှာသို့ ရောက်ခဲ့သည်။ သည်တစ်ခေါက်မှာတော့ အထွက်တိုးမြေပဲမျိုးများ စိုက်ပျိုးနေကြသော ငဝန်မြစ်အနောက်ခြမ်းရှိ ကတက်ကုန်းကျေးရွာအုပ်စုသို့ရောက်အောင် သွားဖြစ်ခဲ့သည်။ ကျွန်တော် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်နေချိန်၊ ရမည်းသင်းနှင့် ပျော်ဘွယ်ဒေသများသို့ ကွင်းဆင်းခဲ့စဉ် ဒေသခံတောင်သူများ စိုက်ပျိုးနေကြသော တစ်ဧက တင်း ၁၀၀ ကျော် ထွက်သည့် မြေပဲမျိုးများကို တွေ့ခဲ့ရသည်။ ထွက်နှုန်းကောင်းလွန်းပြီး တင်း ၁၀၀ ကျော်ရရှိကာ အကြွေးရှိသမျှ ပြန်လည်ပေးဆပ်နိုင်သဖြင့် ဒေသအခေါ် ကြွေးကျေမျိုးဟု ခေါ်တွင်နေကြသည်။ စိုက်ပျိုးရေးဦးစီးဌာန၏ အခေါ်ကတော့ ရေဆင်းမှ မျိုးပွားထုတ်လုပ်ထားသော ဆင်းပဒေသာ (၁၁)နှင့် (၁၂)တို့ ဖြစ်ကြောင်း သိရသည်။ ကြွေးကျေမျိုးဟူသော ဒေသအခေါ်အမည်က အခြားတောင်သူများပါ ထိုမျိုးကို စိုက်ချင်ပျိုးချင်လာအောင် ဆွဲဆောင်မှုရှိကြောင်း သတိထားမိသည်။ သို့ဖြစ်ပေရာ သမဝါယမဦးစီးဌာနမှ တပည့်များကို အကူအညီတောင်းပြီး အဆိုပါမြေပဲမျိုးများ ရယူကာ လေးမျက်နှာမြို့နယ် ကတက်ကုန်းကျေးရွာအုပ်စုအတွင်း စတင်စမ်းသပ်စိုက်ပျိုးစေခဲ့ပါသည်။ တကယ်လည်း တစ်ဧက တင်း ၁၀၀ ကျော် ထွက်ခဲ့ပါသည်။ ယခုမိုးရာသီတွင် ဧက ၂၀၀ ခန့် စိုက်ပျိုးထားပြီးဖြစ်ရာ တစ်ဧက တင်း ၁၀၀ ထွက်ရှိပါက ဧက ၂၀၀ အတွက် တင်း ၂၀၀၀၀ ရရှိမည်ဖြစ်၍ ဒေသတွင်းမျိုးပျံ့နှံ့သွားရန် ရည်ရွယ်ပါသည်။ မျိုးချန်၍ ပိုလျှံသော မြေပဲများကို ရောင်းချရာတွင် သမဝါယမအသင်းစု၊ အသင်းများနှင့် သမဝါယမဆီစက်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး၊ စားအုန်းဆီ စားသုံးမှုကို လျှော့ချပြီး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးကြရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး စသည်တို့နှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။



ဓနုဖြူမြို့ရှိ မဟာဗန္ဓုလပန်းခြံ။

### ဖူးခွင့်ကြုံ၍ ဖူးခဲ့သည်

ကတက်ကုန်းမှ တောင်သူများ၊ မိတ်ဆွေများကို နှုတ်ဆက်ပြီးအပြန်တွင် မိတ်ဆွေတစ်ဦးက ဆရာတော်ကြီးကို ဝင်ဖူးဦးမလားဟု ဖိတ်မန္တကပြုလာပါသည်။ သူပြောသော ဆရာတော်ကြီးမှာ သက်ရှိထင်ရှားရှိနေသည့် ဆရာတော်ကြီး မဟုတ်ခဲ့ပါ။ သက်တော် ၉၁ နှစ်၊ ဝါတော် ၇၁ ဝါသို့ရောက်ရှိပြီး လွန်ခဲ့သော ၂၈ နှစ်ကတည်းက ပျံလွန်တော်မူခဲ့သော၊ ကြွင်းကျန်သည့် ရုပ်ကလာပ်ကို အန္တိမအဂ္ဂိဈာပန မကျင်းပဘဲ စံကျောင်းတော် ဆောက်လုပ်ထားရှိခဲ့သော ကတက်ကုန်းဇာတိဖွား ဆရာတော်ကြီး ဘဒ္ဒန္တ ဥတ္တရမထေရ် ဖြစ်ပါသည်။ ဆရာတော်ကြီးအား ယင်းကဲ့သို့ ပူဇော်ထားရှိသည်ကို အင်္ဂပူမြို့နယ်ထဲက ကပျိုတောင်တွင်လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ရှိ ရုန်းတောင်ပေါ်မှာ ထားရှိသော ခွာရုံကျောင်းတိုက်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကိုလည်းကောင်း တွေ့မြင် ဖူးမြော်ခဲ့ဖူးပါသည်။ ယခုဆရာတော်ကြီးကို ၂၀၂၀ ပြည့်နှစ်တွင် တစ်ကြိမ် ဖူးမြော်ခဲ့ပြီးဖြစ်သည်။ ယခုဖူးခွင့်ကြုံ၍ ထပ်မံဝင်ရောက်ဖူးမြော်ခဲ့ပါသည်။



အဂ္ဂမဟာသေနာပတိ ဝန်ကြီး သတိုး သုဓမ္မ မဟာ ဗန္ဓုလ၏ ဂူဗိမာန်။

ဆရာတော်ကြီးနှင့် ပတ်သက်၍ ထူးခြားမှုများကိုလည်း ကြားသိခဲ့ရသည်။ သက်တော်ထင်ရှားရှိစဉ်က ကျောင်းခေါင်းရင်း မြေကွက်လပ်၌ လာဘဒိဿစေတီတော်ကို တည်လိုကြောင်း မိန့်ကြားခဲ့ရာ ငွေကြေးမရှိသဖြင့် ဒါယကာများ အခက်တွေ့ခဲ့ကြသည်။ မင်းတို့မပူနဲ့ ဖြစ်သွားလိမ့်မည်ဟု ပြောပြီးနောက် ခြေဖဝါးတွင် အမွေးတော်များ ပေါက်လာ၍ လာရောက်ဖူးမြော်ကြည်ညိုသူ များပြားလာပြီး ဘုရားတည်ရန် လှူဒါန်းကြသဖြင့် ဥဏ်တော် ၂၇ တောင်ရှိ စေတီတော်ကို တည်ထားခဲ့ကြောင်း သိရသည်။ တစ်ဖန် ဆရာတော်ကြီး ပျံလွန်တော်မူချိန်တွင်လည်း ဆိုင်းဝိုင်းကြီး ငှားရမ်းရမည်ဖြစ်ပေရာ ကားလမ်းမရှိ ဘာမရှိ၊ လှည်းမပေါက် လှေမပေါက်ဖြစ်နေ၍ အခက်ကြုံခဲ့ကြသည်။ ထိုအချိန်မှာပင် တစ်ခါမျှ မကြုံဖူးသော ငဝန်မြစ်ကြီး သောင်ထွန်းပြီး ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း လမ်းလျှောက်၍ သွားလာနိုင်ကြသည်ဖြစ်ရာ ဂျက်စတင်းဆိုင်းအဖွဲ့ကိုလည်း ထိုလမ်းမှသယ်ယူခေါ်ဆောင်၍ တီးမှုတ်ခဲ့ကြကြောင်း သိရသည်။ ဒုတိယအကြိမ်အဖြစ် ကျွန်တော် ထပ်မံဖူးမြော်ခွင့် ရခဲ့ပါသည်။

### မွေးရပ်မြေအတွက် တောင်းဆုခြွေ

ကျွန်တော့်မွေးရပ်မြေ လေးမျက်နှာမြို့နယ်အတွင်းရှိ အချို့ကျေးရွာအုပ်စုများမှာ တည်ငြိမ်အေးချမ်းရန် လိုအပ်နေပါသေးသည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေး စသည်တို့အတွက် တာဝန်ရှိသူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်နေ့မှာ ရှေးယခင်ကအတိုင်း အေးချမ်းရမည်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည်။ စိုက်ပျိုးရေးကအစ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရမည်။ မလွဲမသွေ လုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်သည်။ တိုင်းရာဒေသကြီးအတွင်းက မွေးရပ်မြေ လေးမျက်နှာ ထာဝရ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

## တောင်ကြီးမြို့၌ ကိုယ့်အားကိုယ်ကိုးလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု ကြည့်ရှုစစ်ဆေး



တောင်ကြီး ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရေထွက်ဦးလမ်း ကိုယ့်အားကိုယ်ကိုးလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို ဒီဇင်ဘာ ၁၆ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျဆောင်ရွက်ရန်၊ သတ်မှတ်ကာလအချိန်မီပြီးစီးရေး၊ လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## ဒေးဒရဲမြို့နယ်၌ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး

ဒေးဒရဲ ဒီဇင်ဘာ ၁၉

ဒေးဒရဲမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ပြည်သူများအား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။



အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မြို့နယ်အတွင်းရှိ ပြည်သူများ အိမ်တွင်းမှု အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိသားစုအပိုဝင်ငွေ တိုးပွားစေရေး ရှင်းလင်းဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသိန်းမောင်က MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်လုပ်သော ကုန်ပစ္စည်းများတွင် ဌာနမှ သက်မှတ်ထားသော ကုန်အညွှန်း အမှတ်အသားများ ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်ပေးမှုများကို အသိပညာပေးပြောကြားသည်။

**အေဇာလင်း**

## ဖြူးမြို့နယ်၌ ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးအသိပညာပေး

ဖြူး ဒီဇင်ဘာ ၁၉

ဖြူးမြို့နယ်၌ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး



အလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး အသိပညာပေး ဆွေးနွေးခြင်းကို ဒီဇင်ဘာ ၁၅ ရက်က စည်သာယာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းမာဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာများနှင့် ဥပဒေများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပေးမည့်အချက်များကို ရှင်းလင်းပြောကြားပြီး Terre des hommes(T-dhl) အဖွဲ့မှ တာဝန်ရှိသူ နော်စေးထူးစောက ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး

ပွင့်ဖြူ ဒီဇင်ဘာ ၁၉

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက်က လှည်းကြီးကျေးရွာမွေ့ရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်က ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများ၊



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ဆွေးနွေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တီးတိန်မြို့၌ မဲရုံပြသခြင်းနှင့် MEVM မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း အထူးမွမ်းမံသင်တန်းဖွင့်



တီးတိန် ဒီဇင်ဘာ ၁၉

တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲရုံပြသခြင်းနှင့် MEVM မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း အထူးမွမ်းမံသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေစိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြိတ်ခရိုင်အတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

မြိတ် ဒီဇင်ဘာ ၁၉

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုး၏ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း မကောင်းရခြင်းအကြောင်းရင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းကောက်ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်များ၌ ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား တွေ့ဆုံ၍ စစ်တမ်းကောက်ယူလျက်ရှိရာ တောင်သူ ၁၂၀၀ အား စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



မူဆယ်မြို့၌ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၁၇ ရက်က မြို့ပေါ်ရပ်ကွက်များရှိ အလုပ်သမားအများစုရှိသောနေရာများ၌ ဖြန့်ဝေစဉ်။ ချယ်ရီမြေ(မူဆယ်)



ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ကျေးလက်ကျန်းမာရေး ဌာနခွဲ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည်သိမ်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက် ကိုးနှစ်မှ ၁၂ နှစ်မပြည့်သေးသော မိန်းကလေးငယ်များအား ဒီဇင်ဘာ ၁၇ ရက်က သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးစဉ်။ နီလာ(ပြန်/ဆက်)



ခမောက်ကြီးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့မီးသတ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၇ ရက်တွင် မြို့မဈေးလမ်းဆုံနှင့် မြို့အဝင်အထွက်ဂိတ်တို့၌ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေစဉ်။ ခမောက်ကြီး(ပြန်/ဆက်)



လမ်းမတော်မြို့နယ် အမှတ်(၁၀)ရပ်ကွက်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးနှင့် ကျန်းမာရေးဆရာမများက အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ်မပြည့်သေးသော အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ဒီဇင်ဘာ ၁၅ ရက်က ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ရွေးကောက်ပွဲနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲနှိုးဆော်ရေး အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"၊ "လှမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်"၊ "ဒီမိုကရေစီ ခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးစို့" စာသားပါ မြေစိုက်ပိုစတာတို့ကို မြို့နယ်များရှိ လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။


ကြို့ပင်ကောက်မြို့နယ်
ဇေယျာထွန်း(ပြန်/ဆက်)


တွံတေးမြို့နယ်
မျိုးလှိုင်(တွံတေး)


ပင်းတယမြို့နယ်
အောင်ကိုဦး(ပြန်/ဆက်)


ချောက်မြို့
မြို့နယ်(ပြန်/ဆက်)


ပန်းဘဲတန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


နတ်တလင်းမြို့နယ်
ဝေယံဖြိုး(ပြန်/ဆက်)


ကော့မှူးမြို့နယ်
ကျော်သူရ


သုံးခွမြို့နယ်
စည်သူလင်း(ပြန်/ဆက်)


ပေါင်းတည်မြို့နယ်
ရွှေသား(IPRD)



ကျွန်းစုမြို့နယ်
ထက်မြင့်(ကျွန်းစု)


မုဒုံမြို့
မြို့နယ်(ပြန်/ဆက်)


ကမာရွတ်မြို့နယ်
စိမ်းလဲ့(ပြန်/ဆက်)


သဲကုန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကွန်ဟိန်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)

တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး မဲရုံအတွက် အသုံးပြုမည့် ကျောင်းများ၊ ခန်းမများ ခိုင်ခံ့မှု၊ လုံခြုံမှုရှိ မရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၅ ရက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)





တောင်ကြီးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြစိန်နှင့် တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများအား အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ သရုပ်ပြ ရှင်းလင်းခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းကို ဒီဇင်ဘာ ၁၇ ရက်က တောင်ကြီးမြို့ပေါ် ရပ်ကွက်များ၌ ဆောင်ရွက်စဉ်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း (၁-၁၂-၂၀၂၅ ရက်နေ့မှ ၁၅-၁၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာ ဒိုင် အောက်ဆိုက်</th><th>နိုက်ထရို ဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အပြည်ပြည်ဆိုင်ရာ စီးပွားရေးဇုန်ဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>မတ္တရာမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>–</td><td>–</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မအူပင်မြို့နယ်၌ ဆောင်းနေကြာ စုပေါင်းစိုက်ပျိုး

**မအူပင် ဒီဇင်ဘာ ၁၉**

မအူပင်မြို့နယ် ဗားမနီးကျေးရွာ စိန်ရတနာကျွန်းသောင်မြေ၌ ဆီထွက်သီးနှံ ဆောင်းနေကြာစုပေါင်း စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် နည်းလမ်းများ၊ သီးနှံများအား ကာကွယ်စောင့်ရှောက်မှု နည်းစနစ်များနှင့် မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသောင်းသိန်းဌေးက မြေယာဥပဒေနှင့် လုပ်ပိုင်ခွင့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆီထွက်သီးနှံ ဆောင်းနေကြာ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွန်ယက်ရန်အဆင်မပြေသည့် ဧရိယာတွင် စူးထိုးကြွင်းဖောက်စနစ်ဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒီဇင်ဘာ ၁၈ ရက်မှစ၍ ကြိုတင်ဆန္ဒမဲပေးခြင်းများ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လာရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်(၃)ရပ်ကွက် ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့်ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ အမှတ်(၄)ရပ်ကွက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## ချောင်းဦးမြို့နယ်ရှိ သီးနှံပန်းတိုင်များအထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

**ချောင်းဦး ဒီဇင်ဘာ ၁၉**

ချောင်းဦးမြို့နယ်ရှိ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံစိုက်ပျိုးနေသည့် တောင်သူများထံမှ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်း မကောင်းရခြင်း အကြောင်းအရာများကို ဒီဇင်ဘာ ၁၇ ရက်က စစ်တမ်း ကောက်ယူခဲ့ကြောင်း သိရသည်။



ချောင်းဦးမြို့နယ်၌ နိုင်ငံတော်မှ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၃ မျိုးအနက် ကြံနှင့် အာလူးမှလွဲ၍ ကျန်သီးနှံ ၁၁ မျိုးကို စိုက်ပျိုးလျက်ရှိရာ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်း မကောင်းရခြင်း အကြောင်းအရာများကို စစ်တမ်းကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင့်ဆွေက ကြီးကြပ်ပြီး လက်ထောက်ဦးစီးမှူးများက ကျေးရွာခြောက်ရွာရှိ တောင်သူ ၁၀၀ ကျော်အား စစ်တမ်းများ ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

## မုံရွာမြို့၌ သီးနှံများပန်းတိုင်အထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

**မုံရွာ ဒီဇင်ဘာ ၁၉**

မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ တောင်သူ ၇၀ ၏ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့်အပေါ် ပန်းတိုင်ရည်မှန်းချက်/ အထွက်နှုန်း မပြည့်မီရခြင်းအကြောင်းအရာများ စစ်တမ်းကောက်ယူခြင်းကို ဒီဇင်ဘာ ၁၇ ရက်က မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။



**ရှင်းလင်းဆွေးနွေး**

ဦးစွာ မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် အခြေခံအချက်များကိုလည်းကောင်း၊ မုံရွာမြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က စစ်တမ်းကောက်ယူမှု အခြေအနေများအကြောင်းကိုလည်းကောင်း တက်ရောက်လာသော တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## မြစ်သားမြို့နယ်၌ သီးနှံများပန်းတိုင် အထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

**မြစ်သား ဒီဇင်ဘာ ၁၉**

မြစ်သားမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း မကောင်းရခြင်းအကြောင်းများ သိရှိနိုင်စေရန်ရည်ရွယ်၍ တောင်သူများထံ မြေပြင်ကွင်းဆင်းစိစစ်ချက် စစ်တမ်းကောက်ယူခြင်းကို ဒီဇင်ဘာ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်စုတာဝန်ခံ ဝန်ထမ်း ၁၁ ဦးက ကျေးရွာအုပ်စု ၂၅ အုပ်စု မှ အဓိကသီးနှံစိုက်ပျိုးတောင်သူ ၁၁၀၀ အား ပန်းတိုင်အထွက်နှုန်း မကောင်းရခြင်း အကြောင်း မြေပြင်ကွင်းဆင်း စိစစ်ချက် စစ်တမ်းကောက်ယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဝါဝါမြင့်(မြစ်သား)

## လေးမျက်နှာမြို့နယ်၌ သီးနှံများပန်းတိုင်အထွက်နှုန်းအလိုက် စစ်တမ်းကောက်ယူ

**လေးမျက်နှာ ဒီဇင်ဘာ ၁၉**

လေးမျက်နှာမြို့နယ်၌ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံများ ပန်းတိုင်ရည်မှန်းချက်/အထွက်နှုန်းမကောင်းရခြင်း အကြောင်းအရာများကို ကျေးရွာအုပ်စုအလိုက် ကွင်းဆင်းစိစစ်မေးမြန်းမှုကို ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းမှုကို ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ မြေပြင်စာရင်းကောက်ယူရေးအဖွဲ့ ၁၀ ဖွဲ့ခွဲ၍ ကောက်ယူခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)





## ပျဉ်းမနားမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ ရှူးနေကြာမျိုးစေ့ချစိုက်ပျိုး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစုပိုင်ဘက်စုံခြံ၌ ဆောင်းဆီထွက်သီးနှံဖြစ်သည့် ရှူးနေကြာ မျိုးစေ့ချ စိုက်ပျိုးခြင်းကို ဒီဇင်ဘာ ၁၄ ရက်က ဆောင်ရွက်ရာ ပျဉ်းမနားမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်နှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးပြီး သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်း ရရှိရေး မြို့နယ်သမဝါယမအသင်းစု တာဝန်ရှိသူများအား မှာကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## မြို့သစ်မြို့နယ်၌ တောင်သူအကျိုးပြုလုပ်ငန်း ကွင်းသရုပ်ပြ

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၉**

တောင်တွင်းကြီးမြို့နယ်၌ ကောက်ရိုးထုံးစက်ကိရိယာနှင့် ရိုးပြတ်ရိတ်စက်ကိရိယာအသုံးပြု၍ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို မြို့သစ်မြို့နယ် ကိုရံ(တောင်)ကျေးရွာ တောင်သူဦးသောင်းတင်၏ လယ်မြေသုံးဧကအတွင်း၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည်။

ဦးစွာ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတိုးမြင့်ပိုင်က ကောက်ရိုးထုံးစက်ကိရိယာကို အသုံးပြု၍ ကောက်ရိုးများ အမြန်သိမ်းဆည်းနိုင်သဖြင့် နွားစာအဖြစ် ကောက်ရိုးများပြန်လည်ရောင်းချခြင်းဖြင့် ဈေးကောင်းရရှိ၍ မိသားစုအပိုဝင်ငွေ တိုးပွားနိုင်ကြောင်း စသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

နောင်နောင် (ဗိဿနိုးမြေ)



## ကိုကိုးကျွန်းမြို့နယ်၌ မျိုးကောင်းမျိုးသန့် DYL ဝက်မျိုးများပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကိုကိုးကျွန်းမြို့နယ်၌ မျိုးကောင်း မျိုးသန့် DYLဝက်မျိုးများကို ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်အတွင်းရှိ မွေးမြူသူများထံ ပေးအပ်သည်။

ဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိမ်းမော်က မျိုးကောင်းမျိုးသန့် DYLဝက်မျိုး အထီးတစ်ကောင်နှင့် အမကိုးကောင် စုစုပေါင်း ၁၀ ကောင်ကို ပေးအပ်ရာ ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီစောက လက်ခံရယူသည်။

ဆက်လက်၍ တာဝန်ရှိသူများက မွေးမြူသူများထံ DYLဝက်မျိုးများ၊ တိရစ္ဆာန်အစာ မြက်မျိုးများနှင့် မွေးမြူရေးလက်ကမ်းစာစောင်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် သရုပ်ပြလက်တွေ့စမ်းသပ်မဲပေးနေမှုအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်စွာ မဲပေးနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကော့သောင်းတပ်နယ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ကော့သောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ မန္တလေးတိုင်းဒေသကြီးအတွင်း စတင်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၉**

လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီး အတွင်း သက်ဆိုင်ရာမြို့နယ်များရှိ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ယနေ့မှစတင်၍ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးခြင်းကို နံနက်ပိုင်းမှစတင်၍ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်များအတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများသို့ ကြိုတင်ဆန္ဒမဲ လာရောက် ပေးကြသူများကို တာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်ကြသည်။

ကြိုတင် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကျော်ကျော်ထိုက်က "ချမ်းအေးသာစံမြို့နယ်မှာ မဲရုံပေါင်း ၇၀ ရှိပါတယ်။ ဒီဇင်ဘာ ၁၈ ရက်ကနေ ၂၇ ရက်အထိ ကြိုတင်မဲပေးခြင်းကို စီစဉ်ဆောင်ရွက်ထားပါတယ်။ ကြိုတင်မဲကို တာဝန်ပေးအပ်ထားတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ဆေးရုံတက်ရောက် ကုသနေရတဲ့ သက်ကြီးရွယ်အိုတွေ၊ လူနာတွေအတွက် ဦးစားပေးဆောင်ရွက်ထားပါတယ်။ မဲရုံကိုမလာနိုင်တဲ့ သက်ကြီးရွယ်အိုတွေအတွက်ကိုလည်း ကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေက အိမ်တိုင်ရာရောက်သွားပြီး ကြိုတင်မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အခုကြိုတင်မဲပေးတာဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်မှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ကျင်းပမှာပါ။ အများပြည်သူတစ်ယောက်ချင်းစီရဲ့ အခွင့်အရေးမဆုံးရှုံးစေဖို့ ဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူ ဦးဇော်ဝင်းခိုင်ကလည်း "ကျွန်တော်က ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန် ရပ်ကွက်ကပါ။ ရွေးကောက်ပွဲနေ့မှာ မဲရုံမှူး တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ကြိုတင်မဲလာရောက်ပေးတာ ဖြစ်ပါတယ်။ မဲရုံကို ရောက်တဲ့အချိန်မှာ အရင်ဆုံး မှတ်ပုံတင်ပြရပြီး လိုအပ်တဲ့ စစ်ဆေးမှုတွေ ဆောင်ရွက်ပေးပါ



တယ်။ မဲပေးရတဲ့အခါမှာလည်း လွတ်လပ်စွာ မဲပေးခဲ့ရပါတယ်။ ဒါကြောင့် ကြိုတင်မဲပေးရမယ့်သူတွေလည်း မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ကြိုတင်ဆန္ဒမဲလာရောက်ပေးသူတစ်ဦးကလည်း "ကျွန်မက ရွေးကောက်ပွဲနေ့မှာ မဲစာရင်းစစ်ဆေးသူအနေနဲ့ တာဝန်ထမ်းဆောင်ရမှာဖြစ်လို့ ကြိုတင်မဲလာရောက်ပေးတာပါ။ မဲပေးရတဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်နဲ့ စနစ်တကျပေးခွင့်ရခဲ့ပါတယ်။ အခုလာမယ့်ရွေးကောက်ပွဲမှာ မိမိတို့ လုပ်ငန်းတာဝန်တွေ ထမ်းဆောင်ကြရမယ့်ပြည်သူတွေအနေနဲ့ ကြိုတင်မဲပေးလို့ရနေပြီ။ လာမယ့် ဒီဇင်ဘာ ၂၈ ရက်မှာလည်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာ မဲရုံများတွင် ဆန္ဒမဲပေးနိုင်ပြီဖြစ်၍ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆,၀၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အမှတ်(၁၃၁)အဆန် ဇီးပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်- ဇီးပင်ကြီးရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ် (၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂)ဂုတ်ထိပ်-ပြင်ဦးလွင် ရထားခရီးစဉ်များအား ယနေ့မှစ၍ ပြေးဆွဲပေးခဲ့ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေရက်များတွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် စတင်ပြေးဆွဲသည့် အမှတ်(၁၃၁) အဆန်ရထားသည် ဇီးပင်ကြီးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့နောက် ဂုတ်ထိပ်(၁)RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂)RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည် ဖြစ်သည်။ ပြင်ဦးလွင်မှ ဇီးပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည့် အမှတ်(၁၃၂)အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဇီးပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ နံနက်ပိုင်းတွင် ဇီးပင်ကြီးဘူတာမှ ထွက်ခွာလာသည့်အမှတ် (၁၃၁) အဆန်ရထားတွင် ခရီးသည်ဦးရေ ၄၇ ဦး လိုက်ပါစီးနင်းခဲ့ပြီး ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိချိန်တွင် ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရှမ်းအိုးစည်အဖွဲ့များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဇီးပင်ကြီး-ပြင်ဦးလွင်၊ ပြင်ဦးလွင်-ဇီးပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်း လူစီးတွဲတစ်တွဲ၊ ရိုးရိုးတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ခရီးအစအဆုံးအတွက် ရိုးရိုးတန်းငွေ ကျပ် ၅၀၀၀၊ အထက်တန်းငွေကျပ် ၁၀၀၀၀ ဖြစ်သည်။

ယနေ့ထွက်ခွာသည့် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ခရီးသည် ၆၂ ဦး လိုက်ပါစီးနင်းခဲ့ရာ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများတွင် ရပ်တန့်ပေးခဲ့ပြီး နောင်ချိုဘူတာတွင် ဒေသခံပြည်သူများက စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ထို့နောက် နောင်ချိုဘူတာမှ ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ရောက်ရှိရာ ဂုတ်ထိပ်ဘူတာတွင် ခေတ္တရပ်နားပြီး ဂုတ်ထိပ်တံတားကြီးပေါ်မှ ဖြတ်သန်း၍ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုခြင်း၊ လိုဏ်ဂူများအား ဖြတ်သန်း၍ ရှုမျှော်ခင်းကြည့်နေရာမှ ဂုတ်ထိပ်တံတားကြီးကို နောက်ခံပြု၍ အမှတ်တရဓာတ်ပုံများ ရိုက်ကြပြီး ဂုတ်ထိပ်ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ ယင်းနောက် အမှတ်(၁၃၂)အစုန်ရထားသည် ပြင်ဦးလွင်ဘူတာမှ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ဇီးပင်ကြီးဘူတာသို့ ဆက်လက်ပြေးဆွဲပေးခဲ့သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အဆိုပါ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားအနေဖြင့် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကျသင့်မည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား(တစ်စင်းလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား/အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်ခုနစ်သိန်းနှစ်သောင်း ကျသင့်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)မှ တည်ဆောက်ပြီးစီးခဲ့သော ဘက်ထရီလျှပ်စစ်စက်ခေါင်း(BEL) မြင်းကောင်ရေအား(၁၆၀၀)ရှိသည့် အမှတ် 03 စက်ခေါင်းဖြင့် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားအား စတင်ပြေးဆွဲပေးခဲ့ပြီးဖြစ်သည်။ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ခရီးစဉ်ကို သဘာဝအလှရှုခင်းကြည့်များ ကြည့်ရှုနိုင်ရန် RBE ရထားဖြင့် စတင်ပြေးဆွဲပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်မဲမြို့၌ ကျေးရွာများသို့ ဒေသလုပ်ငန်းများတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



မြောင်းမြ ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်းနှင့် တာဝန်ရှိသူများက အိမ်မဲမြို့၌ အမျိုးသမီးရေးရာအဖွဲ့မှ အသေးစားချေးငွေ ထုတ်ချေးထားသောလုပ်ငန်းများ တိုးတက်မှုအခြေအနေအား ကြည့်ရှုရန် ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းကစတင်၍ ဆောင်ရွက်ခဲ့သည်။

ဧရာဝတီတိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်း၊ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် အဖွဲ့ဝင်များ၊ မြောင်းမြခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသေးစားချေးငွေ ထုတ်ချေးထားသော အိမ်မဲမြို့နယ် ပါရမီဒေါင့် ကျေးရွာအုပ်စုနှင့် လေးအိမ်တန်း ကျေးရွာအုပ်စုရှိ ပန်းစိုက်ခင်း၌ လည်းကောင်း၊ တရုတ်ပိုင်း ကျေးရွာအုပ်စုရှိ ငါးချဉ်လုပ်ငန်း၊ ကောက်ညှင်းကျည်တောင့်လုပ်ငန်းနှင့် ငါးခြောက်လုပ်ငန်းများ၌ လည်းကောင်း ဒေသခံလုပ်ငန်းရှင် ပြည်သူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုများအား ကွင်းဆင်းကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

## ပျော်ဘွယ်မြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းမရရှိသည့် အကြောင်းရင်း စစ်တမ်းကောက်ယူ

ပျော်ဘွယ် ဒီဇင်ဘာ ၁၉

ပျော်ဘွယ်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် အဓိက



သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မရရှိသည့် အကြောင်းရင်းများကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် စစ်တမ်းကောက်ယူခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းမှစတင်ကာ သစ်ဆိမ့်ပင်ကျေးရွာ၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းမရရှိမှုအပေါ် ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ချောင်းမကြီးအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ၌ ကောက်ယူလျက်ရှိရာ ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ကြီးကြပ်ရေးအဖွဲ့များကကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သုံးခွမြို့နယ် ပတုပ်ကြီးကျေးရွာ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

သုံးခွ ဒီဇင်ဘာ ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်မင်းမင်းသန်း ဦးဆောင်သောအဖွဲ့က ပုဂံတောင်ကျေးရွာအုပ်စု ပတုပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်း (ပြန်/ဆက်)**



## စဥ့်ကိုင်မြို့နယ်၌ အဓိကသီးနှံမျိုးများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းစစ်တမ်းကောက်ယူ

**စဥ့်ကိုင် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက



အဓိကသီးနှံမျိုးများ ပန်းတိုင်အထွက်နှုန်း မရရှိခြင်းအကြောင်းနှင့်ပတ်သက်ပြီး ယမန်နေ့က ကျေးရွာများအရောက် မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်တမ်းကောက်ယူရာတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၏ မှာကြားမှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော် ဦးဆောင်၍ စိုက်ပျိုးရေးဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းရရှိရေး အဓိကသီးနှံခုနစ်မျိုး စိုက်ပျိုးထားသည့် ကျေးရွာအုပ်စု ၃၂ အုပ်စု ကျေးရွာ ၄၄ ရွာမှ တောင်သူ ၁၃၀၀ အား ပန်းတိုင်အထွက်နှုန်းမရရှိခြင်းအကြောင်း မျိုး၊ မြေ၊ ရေ၊ နည်း နည်းပညာနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

## တီးတိန်မြို့၌ ဒေသဘာသာဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်ဖြန့်ဝေ

**တီးတိန် ဒီဇင်ဘာ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့၌ ဒေသဘာသာနှင့် ထုတ်ဝေသော ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ လူစည်ကားရာလမ်းစုံများ၌ ယနေ့နံနက်ပိုင်းက ဖြန့်ဝေခဲ့ကြသည်။

ထိုသို့လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်



နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက လူစည်ကားရာ စကောလမ်းရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်လမ်းဆုံနှင့် လွယ်ဘွာလ်းရပ်ကွက် ရိဒ်လမ်းခွဲလမ်းဆုံများတွင် လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့၌ မဲရုံများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မဲရုံအဖြစ်လျာထားသော ကျောင်းနှင့် အခြားအဆောက်အအုံများအား ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းမင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)



ငဖဲမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် အသုံးပြုမည့်မဲရုံအဆောက်အအုံများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးနိုင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ရွေးကောက်ပွဲကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် ကော်မရှင်ရုံးနှင့် မဲပေးစက်သိမ်းဆည်းထားသည့် အဆောက်အအုံများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးဆောင်၍ ဒီဇင်ဘာ ၁၈ ရက်က ဆောင်ရွက်စဉ်။

ကျော်မိုး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် မဲရုံများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ချစ်ထက် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်၊ ဥက္ကံမြို့ရှိ ရပ်ကွက် ၄ ရပ်ကွက်နှင့် ဘုရားကုန်းကျေးရွာရှိ မဲရုံများ၌ ကွင်းဆင်းဆောင်ရွက်စဉ်။

ဝတ်ရည်(ပြန်/ဆက်)

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ကမာရွတ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ ဇာရီမှုအမှတ်-၅၇

ဒေါ်မြတ်ညွန့်အောင် နှင့် ၁။ ဦးစိုင်းရာဇာ (ခ) ဦးပြည်သိန်းထွန်း
၂။ ဒေါ်မြတ်သီရိအောင်
၃။ ဒေါ်မြတ်ထက်ထက်အောင်
၄။ ဒေါ်မြတ်ပွင့်ပွင့်အောင်

ဒီကရီအနိုင်ရသူ တရားရှုံးများ

ကမာရွတ်ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂)၊ တရားမကြီးမှုအမှတ်-၁၁/၂၀၂၅အမှုတွင် ချမှတ်ခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG၊ လူနေရပ်ကွက်- ဆရာစံ မြောက်/ အရှေ့ရပ်ကွက်၊ မြေကွက်အမှတ် ၅၉၈၊ ၊ အလျား (ပေ ၂၀x အနံ ပေ ၄၀)ရှိ ဦးလှမြင့် - ဒေါ်အုန်းမြိုင် အမည်ပေါက်နှစ်(၆၀)ဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အရှေ့ရပ်ကွက်၊ ဆရာစံလမ်းမကြီး၊ အမှတ်(၁၀၆)ဟု ခေါ်တွင်သော နှစ်ထပ်နေအိမ်(၁)လုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၂၇၀၀၀)**
**(ကျပ်သိန်း နှစ်သောင်းခုနစ်ထောင်တိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

